# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 7 January 2023 ၁၀၉၇၃


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်

## တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုး ကာကွယ်စောင့်ရှောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၅

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒီဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း

စာမျက်နှာ » ၈

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ဖိလစ်ပိုင်နိုင်ငံမှ ကျွမ်းကျင်သူပြောကြား

စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရည်မှန်းချက်များဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အချက်များကို ဖော်ပြထားပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရေး၊ စီးပွားရေး၊ စားရေရိက္ခာဖူလုံရေး၊ ငြိမ်းချမ်းရေးတို့သည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာရန်အတွက် အဓိကလိုအပ်ချက်များဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ပါမှ တိုင်းရင်းသားပြည်သူအားလုံးအတွက် အစဉ်တိုးတက်သည့် သာယာဝပြောသော လူ့ဘောင်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးတိုင်းကို (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အကြောင်းမှာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်ပြီး ပညာရေးနှင့်အလှမ်းဝေးသဖြင့် လူမှုစီးပွားဘဝနိမ့်ကျမှုများရှိသည်။ ထို့ကြောင့် အခြေခံပညာအလယ်တန်းပြီးဆုံးသည့် လူငယ်များ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရန် ဖန်တီးပေးထားသည်။

ကျေးလက်လူမှုစီးပွားမြှင့်တင်နိုင်ရန် လာမည့်ပညာသင်နှစ်မှစတင်၍ ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းတစ်ကျောင်းစီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးကဏ္ဍ၌ မြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ၌ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသောကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး ယခုအခါ ရှစ်ဘီလီယံသို့ ရောက်ရှိလာပြီဖြစ်ရာ လူဦးရေတိုးတက်လာသည်နှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်လည်း မြင့်တက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မူလကတည်းက စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံဖြစ်သည့်အပြင် ပိုလျှံသည်များကို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာလုံခြုံမှု (Food Security)ပေးနိုင်သည့်နိုင်ငံဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲပြီး သဘာဝပတ်ဝန်းကျင်ကို စနစ်တကျ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော (Sustainable Development) နိုင်ငံဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူများအတွက် အရေးကြီးသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သဘောတူညီချက်များအတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ဖော်ဆောင်လျက်ရှိသည်။ ပြည်သူများ၏ ဆန္ဒဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲဖြစ်ပေါ်လာရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ဖော်ပြပါအချက်များသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များဖြစ်သည်နှင့်အညီ ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ တက်ညီလက်ညီဆောင်ရွက်ကြခြင်းဖြင့် အခက်အခဲများကို ကျော်လွှားကာ နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင်ကျောင်းတိုက်၊ မြောက်ဥက္ကလာပ မြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရံသီစလေကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေဿလီဂန္ဓာရုံ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကံဦးဇေတဝန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာစံအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့နယ် ပညာစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဘေဘီက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေး၊ အခမ်းအနားမှူးအဖြစ် ပညာစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဦးသန်းအောင်တို့က ဆောင်ရွက်ပြီး ပညာစံအိမ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ မောင်စည်သူစိုးကလူငယ်နှင့် အားကစား၊ မထက်ဖွေးဦးက လူငယ်နှင့် ပညာရေး၊ မလှအိမ်သူက လူငယ်နှင့်ကိုယ်ကျင့်တရား၊ မောင်ထက်သီဟနိုင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ မမြတ်နန္ဒာမိုးက လူငယ်နှင့် အနာဂတ်၊ မောင်ရဲရင့်ခန့်က လူငယ်နှင့် အိုင်တီနည်းပညာ အစရှိသောခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည့်စုံပညာရတနာမိုးကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အ-လ-က(ခွဲ-မဲဘောင်)ကျောင်းမှ ကျောင်းသား ကျောင်းသူများက မရှင်းလင်းသည်များနှင့် သိရှိလိုသည်များ အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၆ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၃၀၆ | ၂,၆၆၂,၂၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃,၅၃၇ | ၁၁,၆၅၃,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၉,၉၀၀ | ၃၅၀ | ၆,၅၀၈,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃ | ၁၄,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၆**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၀၆.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၆.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၆၇၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၈၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၅.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၈.၉ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၄.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမခြောက်လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ရှစ်ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ဒုတိယခြောက်လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာကြောင်း၊ ထိုသို့ တိုးတက်လာခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများ၊ လယ်ယာ၊ သားငါးကဏ္ဍများ၊ သစ်တောကဏ္ဍများ၊ လူသားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကို အသုံးချနိုင်မှုကြောင့် နိုင်ငံစီးပွားရေး တိုးတက်လာခဲ့ခြင်းဖြစ်

☆ ရှေ့ဖုံးမှ

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ခမ်းနားစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းတွင် ဖျောက်ဖျက်မရနိုင်သည့် မှတ်ကျောက်တစ်ခုဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့၏ ထင်ရှားသော သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့သည့် အခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း၊ အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံတော်ကို ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ခမ်းနားစွာဖြင့် အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး မည်သို့မျှဖျောက်ဖျက်၍ရမည်မဟုတ်ကြောင်းနှင့် ကောင်းမွန်သည့် မှတ်ကျောက်တစ်ခုတင်နိုင်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်တာကာလရှိပြီဖြစ်ပြီး လွတ်လပ်ရေးနေ့အခမ်းအနား မိန့်ခွန်းတွင်လည်း မိမိတို့နိုင်ငံ၏သမိုင်းကို ထင်ဟပ်ရန်နှင့် နိုင်ငံ၏အနာဂတ်အတွက် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ပွင့်ပွင့်လင်းလင်းဖြင့် တိုင်းပြည်ကို အသိပေးသကဲ့သို့ ကမ္ဘာကိုလည်း အသိပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိန့်ခွန်းကို အလေးအနက်ထား လေ့လာကြစေလိုကြောင်း၊ ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအရ နိုင်ငံရေးအရ ရည်မှန်းချက်များဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ကြောင်း၊ အလားတူ အမျိုးသားရေးရည်မှန်းချက်များအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာဖူလုံရေး စသည့်ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့ပြီး ဆိုးရွားကြမ်းတမ်းခဲ့သည့် ကာလများ၊ တည်ငြိမ်အေးချမ်းမှု အသင့်အတင့်ရှိခဲ့သည့် ကာလများကို ဖြတ်သန်းခဲ့ရကြောင်း၊ ယနေ့ထက်တိုင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုမရှိသေးကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးအတွက် မလွဲမသွေလိုအပ်ချက်ဖြစ်ပြီး အဓိကဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်လည်း ထည့်သွင်းချမှတ်ဆောင်ရွက်ထားကြောင်း၊ တိုင်းပြည်သာယာဝပြောမည်ဆိုပါက လက်ရှိအခြေအနေထက် အဆပေါင်းများစွာတိုးတက်ရန် အခွင့်အလမ်းရှိသဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် မဆုတ်မနစ်သောဇွဲ၊ လုံ့လများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိတ်သဘောထားကြီးစွာ၊ စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရမည့် ကိစ္စပင်ဖြစ်ကြောင်း။

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အနည်းစု၏ဆန္ဒကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများ၏ဆန္ဒဆိုတိုင်း လူနည်းစု၏ဆန္ဒကို ပစ်ပယ်၍ ပြုမူလုပ်ဆောင်ခဲ့မှုများကြောင့် မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့သည်ကို သမိုင်းဖြစ်ရပ်များက ဖော်ပြနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို မှန်ကန်စွာ သိရှိနားလည်ပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာ အဆင့်အလိုက်၊ ဒေသအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအပါအဝင် စီမံခန့်ခွဲမှုများအားလုံးကို မျှတစွာဖြင့် အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံး တစ်ပြေးညီ ခံစားခွင့်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဥပဒေများရေးဆွဲပြီး ဆောင်ရွက်နိုင်ရန် မူအားဖြင့် သဘောတူပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကပင်မဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေတည်၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်နိုင်ရန် အခြေအနေများပေးခဲ့ကြောင်း၊ အဆိုပါ လုပ်ပိုင်ခွင့်များကို အသုံးချနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆောလျင်စွာ တည်ငြိမ်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တပ်မတော်အစိုးရလက်ထက်ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို လမ်းခင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီမိုကရေစီစနစ် စတင်လျှောက်လှမ်းချိန်၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ရာ အစိုးရပထမသက်တမ်းငါးနှစ်အတွင်း နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ ဒုတိယအစိုးရသက်တမ်းတွင် ၃ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့စီးပွားရေးကျဆင်းခဲ့မှုများကို စီးပွားရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် လေ့လာရန်လိုကြောင်း၊ စီးပွားရေးကျဆင်းခဲ့မှုများမှာ ပြည်ပ၏အကူအညီ အထောက်အပံ့များကို မှီခိုမှုများပြားခြင်းနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များရှိခြင်းကြောင့် စီးပွားရေးကျဆင်းခဲ့သည်ဟု ယူဆကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အစိုးရလက်ထက်မှ စီးပွားရေးကျဆင်းခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့မှုများကြောင့် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမခြောက်လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ရှစ်ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ဒုတိယခြောက်လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာကြောင်း၊ ထိုသို့တိုးတက်လာခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများ၊ လယ်ယာ၊ သားငါးကဏ္ဍများ၊ သစ်တောကဏ္ဍများ၊ လူသားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကို အသုံးချနိုင်မှုကြောင့် နိုင်ငံစီးပွားရေးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါ အတွေ့အကြုံများကိုယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံရေးရည်မှန်းချက်

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ကြောင်း၊ ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မပါရှိခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီပထမအစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ပါဝင်လျှောက်လှမ်းနိုင်ရေးအတွက် အချို့သော ရွေးကောက်ပွဲစည်းမျဉ်း၊ ဥပဒေများကို သဘောထားကြီးမားစွာဖြင့် လျှော့ပေါ့ပြင်ဆင်ပေးခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုသံသယဖြစ်ဖွယ်များစွာ တွေ့ရှိရသဖြင့် မဲစာရင်းရလဒ်များကို စစ်ဆေးဆောင်ရွက်ခဲ့ရာ မဲစာရင်းမှားယွင်းမှုများစွာကို တွေ့ရှိရကြောင်း။

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းကို မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းကပင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုလည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ကို ပြောကြားခဲ့ပြီး ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ရန်လည်း တပ်မတော်မှ သဘောတူပြီးဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ပြင်ဆင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့တွင် အချုပ်အခြာအာဏာသည် ပြည်သူကဆင်းသက်လာသည့် အချုပ်အခြာအာဏာဖြစ်ကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ မခိုင်မြဲသည့်ကာလပတ်လုံး ပြည်တွင်း၊ ပြည်ပပဋိပက္ခများ ဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်၊ ရပ်တည်ချက်အဖြစ် ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အဆိုပါအချက်သုံးချက်ကိုပင် အဓိကထား၍ ရေးဆွဲထားခြင်းဖြစ်သည်ကို သေချာစွာ လေ့လာဖတ်ရှုမည်ဆိုပါက တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးဆဲ အခြေအနေကို အညွှန့်ချိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ သမိုင်းတွင်လည်း အဆိုပါရွေးကောက်ပွဲ မဲမသမာမှုသည် အမည်းစက်တစ်ခုအဖြစ် ကျန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေမျိုး ထပ်မံဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို မဖြစ်မနေအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ကို ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် မိမိတို့အနေဖြင့် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပုံမှန်အခြေအနေဟုဆိုရာတွင် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ပုံမှန်အခြေအနေ၊ ၂၀၁၆ ခုနှစ် နိုင်ငံတော်၏ ပုံမှန်အခြေအနေများနှင့် ယင်းအခြေအနေများထက် မနိမ့်သည့်အဆင့်နှင့် ဖြစ်နိုင်ပါက သာလွန်သည့် တိုင်းပြည်၏အခြေအနေကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် နိုင်ငံတော်ကိုအာမခံချက်ပေးနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် တိုင်းဥက္ကဋ္ဌများအနေဖြင့် မလျှော့သောဇွဲလုံ့လဖြင့် ရရှိသည့်ကာလအတွင်း ကြိုးစား၍ တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ယခင်ကလည်း ပြောကြားခဲ့ကြောင်း၊ မဲစာရင်းများသည် အကြိမ်ကြိမ်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နောက်ဆုံးမဲစာရင်းသည် ၃၈ သန်းနှင့် ၂ သိန်း ၇ သောင်းဟူ၍ ထွက်လာခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မဲစာရင်းအပေါ်မူတည်ပြီး တွက်ချက်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်လာသည့် လူဦးရေတိုးတက်မှုနှုန်းမှာ ဖြစ်နိုင်ဖွယ်ရာ အနေအထားတွင် မရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ပျမ်းမျှအားဖြင့် ဒသမ ၈၅ ခန့်သာရှိသည့်အတွက် လူဦးရေတိုးတက်မှုနှုန်းသည် မည်သို့မျှ ဖြစ်နိုင်ဖွယ်မရှိသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

မိမိတို့စတင်တာဝန်ယူစဉ် နေပြည်တော်စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ပြီး တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် ရှင်းလင်းပြောဆိုခဲ့ကြောင်း၊ သို့သော်လည်း ၎င်းတို့အနေဖြင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်မှုလမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းမှာလည်း ကြီးမားသည့်မှားယွင်းသည့် အမည်းစက်တစ်ခုပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် တရားဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲမသမာမှုဆောင်ရွက်ခဲ့သည့် အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့သည့်အပြင် ဒီမိုကရေစီတွင် ဥပဒေနှင့် ရင်ဆိုင်ဖြေရှင်းရမည်ကို ဥပဒေပြင်ပမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်လာခဲ့ပြီး မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီဖြစ်အောင် တတ်နိုင်သရွေ့ ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်များအပေါ် တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်များအနေဖြင့် သိရှိနိုင်ရန်၊ စဉ်းစားဆင်ခြင်နိုင်ရန်၊ သင်ခန်းစာရယူနိုင်ရန်နှင့် ဖော်ထုတ်ချက်များကို သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများအနေဖြင့်လည်း မိမိတို့၏ လုပ်ဆောင်ချက်များကိုတင်ပြရာတွင် ထိထိမိမိဖြင့် တင်ပြစေလိုပြီး မိမိတို့ဒေသ၏ အကျိုး၊ တိုင်းပြည်၏အကျိုးကို ဦးတည်၍ ဆောင်ရွက်ရန်လိုအပ်သည်များကို တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်ပြီးစီးမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)များ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နေမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြင့် မြစ်ရေတင်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးရေးချေးငွေများထုတ်ချေးပေးမှု၊ နိုင်ငံ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသုံးစွဲရန်နှင့် စိစစ်ကြပ်မတ်ရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ ကုန်သွယ်မှုတွင် သွင်းကုန်ပို့ကုန်များ တိုးတက်လာမှုနှင့် ပဲမျိုးစုံတင်ပို့မှုကို ဆက်လက်တင်ပို့နိုင်သဖြင့် ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဥပဒေရေးရာကိစ္စရပ်များ၊ မော်တော်ယာဉ်များ၏ နံပါတ်ပြားများ လဲလှယ်နိုင်ရေးဆောင်ရွက်ရန်လိုအပ်မှု၊ ပညာရေးဝန်ထမ်းများ လိုအပ်ချက်ရှိပါက ထပ်မံခန့်အပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် လုပ်ငန်းလမ်းညွှန်များကို စက်မှုဝန်ကြီးဌာနမှ ပြုစုထားသည့် အင်တာနက်စာမျက်နှာများတွင် အချိန်မရွေး ကြည့်ရှုလေ့လာနိုင်မှု၊ နယ်စပ်ဒေသများနှင့် နယ်စပ်ဝင်ပေါက်နေရာများမှ ကိုဗစ်-၁၉ ကူးစက်မှုများ

**☆ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်းစာရင်းအပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်**

ဝင်ရောက်လာနိုင်သဖြင့် နယ်စပ်ဒေသမှ ဝင်ရောက်မှုများကို စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ပေးရန် လိုအပ်မှု၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာတွင် ဥပဒေအတိုင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက နိုင်ငံတော်အတွင်း အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် NUG နှင့် CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချို့သောလက်နက်ကိုင်အဖွဲ့များက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှု၊ အပြစ်မဲ့ သံဃာတော်များ၊ ပြည်သူများနှင့် ဝန်ထမ်းများကို အကြောင်းမဲ့သတ်ဖြတ်ခဲ့မှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ကားမှတ်ပုံတင်နံပါတ်ပြားများ လဲလှယ်ခြင်းသည် လုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သဖြင့် အမြန်ဆုံး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများလိုက်နာမှု အားနည်းနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ KG + 9 ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ်ထားရှိကြောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် ပတ်သက်၍ အဆိုပါ ကျောင်းများသည် ပညာရေးဝန်ကြီးဌာန၊ MIC နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မည်သည့်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သည်ဖြစ်စေ မိမိတို့နိုင်ငံ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုများကို အလေးထားလိုက်နာရန်လိုကြောင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့် စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

အချို့သော ဒေသများတွင် နွေရာသီ၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးရေကို ထိန်းသိမ်း၍ ဆောင်ရွက်နိုင်ကြောင်း၊ အချို့သောဒေသများတွင် မိုးရေကိုခံယူ၍ တစ်နှစ်ပတ်လုံးသုံးစွဲကြသည်ကို တွေ့ရှိရကြောင်း၊ ရေရရှိရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ စားရေရိက္ခာလုံလောက်စွာ ရရှိရေးအတွက် ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး စိုက်ပျိုးရေများကိုလည်း အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးအတွက် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

စက်သုံးဆီဈေးများမှာ မြင့်တက်လျက်ရှိပြီး မိမိတို့အနေဖြင့် နှစ်စဉ် စက်သုံးဆီများ များစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့်စက်သုံးဆီသုံးစွဲမှုများကို လျှော့ချရန်နှင့် Public Transportation ကို ဦးစားပေးသုံးစွဲကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့် အသုံးပြု၍ဆောင်ရွက်ကြစေလိုကြောင်း။

အားကစားရုံနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် အရှည်ကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ အဆင့်မီသည့် အားကစားရုံများဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လူဦးရေကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုပြီး ဝန်ကြီးချုပ်များအနေဖြင့် စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း။

စားရေးသည် လူသားတိုင်းအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့်စားရေးအတွက် လိုအပ်ချက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် ဆန်နှင့် အသား၊ ငါးများဖူလုံရန်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဒေသအလိုက် ဆန်နှင့် အသား၊ ငါးများ ဖူလုံမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့တွင် လုပ်နိုင်ကိုင်နိုင်သူများကိုသာ ခန့်အပ်ထားခြင်းဖြစ်သည့်အတွက် အခက်အခဲ အကျပ်အတည်းများစွာကို ကျော်ဖြတ်၍ အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့်ကာလကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်တွေ့ဆုံအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်ဖွံ့ဖြိုးမှုများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူမည်ဆိုပါက ပြည်တွင်းစားသုံးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေဩဇာများကိုလည်း ရရှိစေမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဝင်ငွေများရရှိမည်ဖြစ်ကာ ဒေသတွင်းနှင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်၍ ဒေသအလိုက် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေကို အကျိုးရှိရှိဖြင့် လိုအပ်သည့် ပမာဏကိုသာ အသုံးချရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောရှိရမည့်နေရာတွင် သစ်ပင်ရှိစေရေး သက်ဆိုင်ရာဒေသနှင့် ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးသည်လည်း အရေးကြီးကြောင်း၊ တစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သပ်ရပ်စွာ ဝတ်စားဆင်ယင်တတ်မှုမှသည် မိမိမြို့နယ်၊ မိမိဒေသ၊ မိမိတိုင်းပြည် တစ်ခုလုံးအထိ သန့်ရှင်းသာယာလှပနေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သာယာလှပပြီး ပို့ဆောင်ဆက်သွယ်ရေး၊ အစားအသောက်များ အားလုံးကောင်းမွန်နေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း တိုးတက်လာပြီး အခြေခံလူတန်းစားများ၏ဝင်ငွေများ တိုးတက်လာကာ ထိုမှတစ်ဆင့် နိုင်ငံ့ဝင်ငွေသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်ရေးအတွက် နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်နိုင်ရန်လိုကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်းစာရင်းအပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူ၍ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် **မဲပေးခြင်း၊ မပေးခြင်းသည် လူတစ်ဦးချင်း၏ ဆန္ဒဖြစ်ပြီး လူတိုင်းမဲပေးနိုင်အောင်ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်**ကြောင်း၊ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မဲစာရင်းများ တိကျမှန်ကန်ရေး၊ လူတိုင်းမဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ယင်းကိစ္စများဆောင်ရွက်နိုင်ရန် ကျန်ရှိသည့်အချိန်တွင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာသည့် အခြေအနေနှင့် တိုးတက်မှုများအပေါ် မူတည်၍ ရွေးကောက်ပွဲကိစ္စကို ထပ်မံသုံးသပ်ရမည်ဖြစ်သဖြင့် စနစ်တကျ အားထည့်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံများမှ သဝဏ်လွှာများပေးပို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရအဖွဲ့၊ ပြည်သူများနှင့် မိမိ၏ကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖော်ပြလျက် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာတည်ရှိခဲ့သည့်တူညီသော ယဉ်ကျေးမှုစံနှုန်းများနှင့် ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမများအပေါ်အခြေခံ၍ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် ကာလရှည်ကြာသော ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးရှိခဲ့သည်ကို ဝမ်းမြောက်စွာ ဖော်ပြလိုပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် နှစ်နိုင်ငံရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာလာစေမည်ဟု မိမိအနေဖြင့်ခိုင်မြဲစွာယုံကြည်ပါသည်။

မြန်မာပြည်သူများ ငြိမ်းချမ်းပျော်ရွှင်သာယာဝပြောပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီ ဆာဘရီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား လေးနက်ခိုင်မာသည့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတူညီမှုများကို အခြေခံ၍ ကာလရှည်ကြာစွာတည်ရှိခဲ့သည့် ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံအကျိုးအမြတ်ရရှိစေရန်အတွက် ဘုံစိတ်ဝင်စားသည့် နယ်ပယ်များတွင် နီးကပ်စွာဆက်နွှယ်မှုနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်လာစေရန်နှင့် တိုးတက်လာစေရန်အတွက် မျှော်လင့်မိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ဖော်ပြလျက် မြန်မာပြည်သူများ အေးချမ်းပျော်ရွှင်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

# ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အကျိုး ကာကွယ်စောင့်ရှောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့် ဦးဆောင်၍ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အကျိုး ကာကွယ်စောင့်ရှောက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန သံလွင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်နေထိုင်အလုပ်လုပ်ကိုင်နိုင်ရေး၊ သာမန်မြန်မာနိုင်ငံကူး လက်မှတ်သက်တမ်းတိုးပေးနေမှုနှင့် အသစ်ထုတ်ပေးနိုင်ရေး၊ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကြုံတွေ့လျက်ရှိသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကာလတို/ ကာလရှည် စီမံချက်များဖြင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးပေးနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပိုမိုညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေရေး ကဏ္ဍပေါင်းစုံမှ ထိရောက်စွာဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ အလားတူ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များအချိန်မီသက်တမ်းတိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ "ဝ"ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလေ့ဃာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့်ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းမှုများမှ နှစ်ဖက်သဘောထားများကို သဘောတူညီ လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များ အဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဦးစီးဌာနများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များနှင့် အနုပညာအထက်တန်းကျောင်းများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို Hotel Max ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ဝန်ထမ်းပေါင်း ၈၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနက နိုင်ငံတော်အကျိုးပြုလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ တာဝန်ယူထမ်းဆောင်မှုများအပေါ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြသော ဝန်ထမ်းများအားလုံး၏ ကြိုးစားမှုကို အသိအမှတ်ပြု၍ ဂုဏ်ပြုလိုပါကြောင်း၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ စာလုံးသရုပ်ဖော်ပြသရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီ၊ ဝန်ကြီးဌာနကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်ခင်းကျင်းပြသရေးနှင့် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ ဂုဏ်ပြုယာဉ်အမှတ်ပေးလုပ်ငန်းအဖွဲ့၊ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသရေးနှင့် အုပ်ချုပ်စီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင် အလေးပြုအခမ်းအနားနှင့် ဂုဏ်ပြုဆောင်ခန်းမတို့၌ တိုင်းရင်းသား တိုင်းရင်းသူအဖွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ခြင်းအခမ်းအနား (ဗန်းကိုင်၊ ဆိုင်းဝိုင်း)၊ ဖျော်ဖြေရေး၊ လူငယ်နှင့် စာပေအနုပညာပြပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ယဉ်ကျေးမှုပြတိုက်ဝန်ထမ်းများအပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းပေါင်း ၈၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့မှုကို ဂုဏ်ပြုပါကြောင်း။

ယခုအချိန်အထိ တပေါင်းကွင်း၌ ဖျော်ဖြေရေး၊ ပန်းချီရေးဆွဲရေး၊ ပန်းပုထုလုပ်ရေးနှင့် ပြခန်းများ ခင်းကျင်းပြသရေးတို့၌ တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ပြုပါကြောင်း၊ မိမိဝန်ကြီးဌာန၏ ဂုဏ်သိက္ခာတက်အောင် ဆောင်ရွက်နိုင်ခြင်းနှင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အထူးပင် ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၆**




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ဦးစီးမှူးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး၏ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေများ ပေးအပ်ပွဲသို့ တက်ရောက်သည်။

**ဝန်ထမ်းများနှင့် တွေ့ဆုံ**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေးမှာကြားခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုကိုလည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုကိုလည်းကောင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု အိမ်ခြေ ၇၀၊ လူဦးရေ ၂၉၉ ဦးရှိသော အချုပ်ကလေး(တောင်)ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီးက ထောက်ပံ့ပေးအပ်ကာ ကျေးရွာမီးလင်းရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းက ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး ကျေးရွာကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်စတုမုခထူပါရုံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ဦးထေရာဝံသ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၆၁၃ ဦးရှိသော ငြိမ်းအေးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို ကျေးရွာကော်မတီဝင်တစ်ဦးထံ ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သုတကျော်ဝေ(ကိုယ့်အားကိုယ်ကိုး) စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး အငြိမ်းစားဆရာမကြီး ဒေါ်သန်းသန်းစိုးက လက်ခံရယူသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စတုမုခထူပါရုံ စေတီတော်မြတ်ကြီး၏ ကမ်းထိန်းလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအပြင် ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံ စေတီတော်မြတ်ကြီး၏ ကမ်းထိန်းလုပ်ငန်း အထောက်အကူဖြစ်စေရေးအတွက် ယွန်းလျှို စိုက်ပျိုးရေးအထောက်အကူပြုကုမ္ပဏီ၏ ပုလဲကျူပင်များ စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် အလယ်ရွာနှင့် ခတ္တာကျေးရွာတို့ကို ဆက်သွယ်ပေးထားသော ကြိုးတံတားပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် စိန်တောင်ကျေးရွာသို့ ရောက်ရှိကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လှော်ကထား-စိန်တောင်-နတ်ထွင်းကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ စိန်တောင်တံတားတည်ဆောက်မည့် မြေနေရာနှင့် လှော်ကထားကျေးရွာမှ ပုသိမ်-မုံရွာလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ ကျောင်းသား ကျောင်းသူ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အထက(၁) ကော့သောင်း မြတ်ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းသား ကျောင်းသူ လူငယ်များ အသိပညာများတိုးတက်လာစေရန်၊ ပရိသတ်အရှေ့တွင် ရဲဝံ့စွာ ပြောဆိုသည့်အလေ့အထများရှိလာစေရန်၊ လူငယ်အချင်းချင်း အသိပညာ အတတ်ပညာဖလှယ်တတ်ကြစေရန်၊ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးရည်မွန်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အမှားအမှန်ခွဲခြားတတ်စေရန်နှင့် စဉ်းစားဆင်ခြင်ဉာဏ်တိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက Moderator အဖြစ် ဆောင်ရွက်ပြီး လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူတိုင်းသည် ကျန်းမာရေးကို ဂရုစိုက်သင့်သည်၊ လူငယ်နှင့်အနာဂတ်ရည်မှန်းချက်ပန်းတိုင်၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် အထက်တန်းကျောင်းသား ကျောင်းသူ ငါးဦးတို့က ဆွေးနွေးကြပြီး တက်ရောက်ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကာ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မူဆယ်မြို့နယ် လွယ်အင်-ပန်ဆိုင်းလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်

**မူဆယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ၂၀၂၂-၂၀၂၃ ခုနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇေယျာဝင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရာ၌ လွယ်အင်-ပန်ဆိုင်းလမ်းတွင် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၂ ဒသမ ၅၆ သန်းဖြင့် အရှည်(၀/၆.၈၁)မိုင် လမ်းမြေကတ္တရာခင်းခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၄ သန်းဖြင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရှိုင်းမင်းခကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ ဒသမ ၂၆ သန်းဖြင့် လွယ်အင်-ပန်ဆိုင်းလမ်းပေါ်တွင် အရှည်(၀/၆)မိုင် ကတ္တရာလမ်းခင်းနေမှုကို မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစိုးသီဟနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး(အရာထမ်း)သင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အရာထမ်း) သင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အရာထမ်း) သင်တန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးရေးတို့အတွက် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် "Never too late to learn" ဆိုသည့် စကားအတိုင်း စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း၊ သို့မှသာ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အောင်မြင်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်းရှိရန်လိုအပ်ပြီး ကြိုးစားလျှင် ကြိုးစားသကဲ့သို့ အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း သိရှိရန်လိုအပ်သကဲ့သို့ လိုက်နာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စေတနာထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ဌာနသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖြစ်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးနှင့် သင်တန်းသူ နှစ်ဦးတို့က လက်ခံရယူခဲ့ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့်သင်တန်းသို့ သင်တန်းသား သင်တန်းသူ၃၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ (၁)လကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၂၆)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–
- (က) "မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံအတွက်"
- (ခ) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင်၊ သာယာလှပလူမှုဘဝ"
- (ဂ) "ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာ ဖန်တီးစို့"
- (ဃ) "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"
- (င) "လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"
- (စ) "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်ကြပါစို့" (Photo Essay ယှဉ်ပြိုင်ရန်အတွက်သာ)
- (ဆ) "လူသားချင်းစာနာ ကျန်းမာဖို့၊ စိန်ခေါ်မူးယစ် တိုက်ဖျက်စို့" Addressing drug challenges in health and humanitarian crises.

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 10" x 14" အရွယ် အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံ အထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 10" x 14" ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာ ဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက်(Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 2 – Grade 5 )၊ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 11 ) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15" x 20" အရွယ် ရေးဆွဲရမည်။ ခဲတံ(သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီ ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်း ဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6 – Grade 9) နှင့် အထက်တန်းအဆင့် (Grade 10 – Grade 11 ) ဖြစ်ပါသည်။ မူလတန်းအဆင့်ကျောင်းသား/သူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 10" x 14" လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်ကြပါစို့" ခေါင်းစဉ်ဖြင့် သီးသန့် ယှဉ်ပြိုင်ရမည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | |
|---|---|
| (က) တေးသီချင်း | ၂၁-၃-၂၀၂၃ |
| (ခ) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၂၁-၃-၂၀၂၃ |
| (ဂ) ကွန်ပျူတာပိုစတာ | ၂၈-၃-၂၀၂၃ |
| (ဃ) ဓာတ်ပုံ | ၇-၄-၂၀၂၃ |
| (င) ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၂၀-၄-၂၀၂၃ |
| (စ) ကွန်ပျူတာပန်းချီ | ၂၆-၄-၂၀၂၃ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ၆ ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒီဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေပေးချေမှုနည်းလမ်းအမျိုးမျိုး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်အား အများပြည်သူများ သိရှိအသုံးပြုမှုများပြားလာစေရေးနှင့် ငွေသားသုံးစွဲမှုလျှော့ချနိုင်ရေး အစဉ်ကြိုးပမ်းလျက်ရှိရာ (၇၅)နှစ်မြောက် စိန်ရတုလွပ်လပ်ရေးနေ့ အထိမ်းအမှတ်ကာလအတွင်း အခမ်းအနားကျင်းပရာနေရာများတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပေးချေနိုင်ရေးဘဏ်များ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများအား ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အများပြည်သူများ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်ကို တွင်ကျယ်စွာအသုံးပြုလာနိုင်စေရေး နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် (၄-၁-၂၀၂၃) ခုနှစ်မှ စတင်ပြီး ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် Nature Link Pay Company Limited (Trusty E-Commerce) နှင့် Zego Pay Company Limited (ZegoMoney)တို့မှ (၇၅)နှစ်မြောက် စိန်ရတုလွပ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲများ ကျင်းပရာနေရာတွင် လည်းကောင်း၊ ရောဝတီဘဏ်လီမိတက် (AYA Pay)နှင့် မြန်မာနိုင်ငံသားများဘဏ်(Citizen Pay)တို့မှ စိန်ဒေါင်းစတိုးတွင်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုလုပ်ငန်းဆောင်ရွက်နေသော ကမ္ဘောဇဘဏ်လီမိတက်(KBZPay)၊ ရောဝတီဘဏ်လီမိတက် (AYA Pay)၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (One Pay)၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်(A+Wallet)၊ မြန်မာနိုင်ငံသားများဘဏ်(Citizen Pay)၊ CB Bank PCL (CB Pay)၊ uab Bank Limited (uab pay)၊ ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(MoMoney)နှင့် Internet Wallet Myanmar Limited (OK$)တို့မှ Junction Center တွင်လည်းကောင်း လက်ဆောင်များပေးခြင်း(Gift Voucher)၊ အရောင်းမြှင့်တင်ခြင်း(Promotion)များဆောင်ရွက်ခြင်း၊ အသုံးပြုမှုဆိုင်ရာအသိပညာပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၃)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ခေတ်မီပြီး လုံခြုံစိတ်ချရ၍ စွမ်းဆောင်ရည်ပြည့်ဝသော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ရပ်ပိုမိုအသုံးပြုလာနိုင်ပြီး လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

■

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၀)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၂) သင်တန်းဆင်းပွဲ ကျင်းပ





ရန်ကုန် ဇန်နဝါရီ ၆

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

### ဆွေးနွေးပို့ချပေးခဲ့

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက သင်တန်း၌ ပြင်ပကျွမ်းကျင်ပညာရှင်များက ဆရာ၊ ဆရာမများ သိသင့်သိထိုက်သည့် သက်ဆိုင်ရာ ပညာရပ်များကို ၎င်းတို့၏ အတွေ့အကြုံနှင့်ယှဉ်၍ ဆွေးနွေးပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက စိတ်ဝင်တစားလေ့လာသင်ယူခဲ့ကြသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

### ဆုများချီးမြှင့်

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၀)သို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၄၄ ဦး စုစုပေါင်း ၄၉၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီက စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၂) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းသားစံပြဆုနှင့် သင်တန်းသူ စံပြဆု၊ သင်တန်းသား၊ သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၉၂ ဦး၊ သင်တန်းသူ ၂၈၀ စုစုပေါင်း ၄၇၂ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ၂၀၂၂ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)၌ ဇန်နဝါရီ ၃ ရက်က စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်စဉ်။ သတင်းစဉ်

## အထက(၂)လမ်းမတော် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက အထက(၂)လမ်းမတော်ကျောင်းသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ဆရာမကြီး ဒေါ်နီလာမော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော မိဘဆရာအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နီလာညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ လူရည်ချွန်နှင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ မြို့နယ်အဆင့်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးဆုရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ မြို့နယ်အဆင့် အားကစားဆုရသူများနှင့် ကျောင်းတက်မှန်ဆုရသူများအား လည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ကျော်ဆန်းမြင့်



## မိုးနဲ၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိုးနဲ ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီမှစတင်ကာ မြို့နယ်လျှပ်စစ်မှူးဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ဓာတ်အားလိုင်းနှင့်မလွတ်သောသစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



### စစ်ဆေးဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မှူး ဦးသိန်းသန်းစိုးနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် ၁၁ ကေဗွီ နာခံကျေးရွာ ဖိဒါအတွင်းရှိ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ကိုင်း၊ သစ်ခက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ ရပ်/ပျက်/နှေးဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ တတိယနေ့ဆက်လက်ခင်းကျင်းပြသ၊ ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများတွင် လာရောက်လေ့လာကြည့်ရှုသူများအား တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများအား တတိယနေ့အဖြစ် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲတတိယနေ့တွင် တပေါင်းကွင်းသို့ လာရောက်ကြသည့် ပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက နွေးထွေးစွာကြိုဆိုကြပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ဝန်ကြီးဌာနများအလိုက် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများက ယာဉ်ပေါ်၌ ပြသထားသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ အထင်ကရနေရာများ၊ ထင်ပေါ်ကျော်ကြားသည့် ခေါင်းဆောင်များ၏ ရုပ်တုများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို နွေးထွေးပျူငှာစွာ လိုက်လံရှင်းလင်းပြသပေးကြရာ သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

## ရှင်းလင်းပြသပေး

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းများနှင့် ဝန်ကြီးဌာနများအလိုက်ပြခန်းများမှ တာဝန်ရှိသူများကလည်း ပြခန်းတွင်ပြသထားသည့် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အပန်းဖြေလည်ပတ်နိုင်သည့် အထင်ကရနေရာများ၊ ဒေသထုတ်ကုန်များ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ပြည်သူများကို ဝန်ဆောင်မှုများပေးလျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို လိုက်လံရှင်းလင်းပြသပေးကြရာ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာသီဆိုကခုန် ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ပြပွဲသို့ လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများကိုလည်း တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌လည်း ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများစိတ်ဝင်တစားစားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရန်ပုံငွေအရောင်းဆိုင်များကလည်း စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားဝယ်ယူကြသူများ များပြားလျက်ရှိသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စုနောက်ပိတ်ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်း ၁၅ ခန်းတို့မှ အစားအစာရောင်းချခြင်းတို့ကို ဇန်နဝါရီ ၄ ရက်မှစတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်၍ မိဘပြည်သူများ အခမဲ့ လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း – ဟိန်းမင်းစိုး၊ ဂျိုင်းလော**
**ဓာတ်ပုံ– ကိုကြီးထိန်**



ပဲခူးတိုင်းဒေသကြီး ဒေသထွက်ရိုးရာအစားအစာများကို ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။



ကချင်ပြည်နယ်ပြခန်းတွင် ရိုးရာအစားအစာများကို လာရောက်ဝယ်ယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာနိုင်ငံဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြီး ဆန်နဲ့ဆီတွေကို စားသုံးသူပြည်သူတွေအတွက် ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးလျက်ရှိပါတယ်

**ဒေါက်တာဇော်လွင်**

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့တွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ တတိယနေ့အဖြစ် ဆက်လက် ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းမှတာဝန်ရှိသူများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများသိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။


ဦးသိန်းထွန်းဦး


ဒေါက်တာဇော်လွင်


ဦးနေဆန်း


ဒေါက်တာစိုင်းကျော်ဦး


မဆုမြတ်နန္ဒာ

**ဦးသိန်းထွန်းဦး (ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ပြခန်းကတော့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန် (၄)ရပ်ကို ဦးတည်ပြီးတော့ ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာန ငါးခုကနေ စုပေါင်းပြီးတော့ ပြသထားပါတယ်။ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုတဲ့ အပိုင်းကို အဓိကထားပြီး မီးဘေးလုံခြုံရေးနဲ့ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်တဲ့အခါမှာ မီးငြိမ်းသတ်ရေးကိရိယာ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးကိရိယာတွေနဲ့ အိုင်တီနည်းပညာ အသုံးပြုပြီး ပြည်သူများအနေနဲ့ မီးသတ်တပ်ဖွဲ့ကို အချိန်မီအကြောင်းကြားနိုင်တဲ့ Application ကိုပြသထားပါတယ်။ လူတိုင်းလက်ထဲမှာ ဒီ Application ကို လက်ကိုင်ဖုန်းထဲမှာ ထည့်ထားမယ်ဆိုရင် အရေးပေါ် မီးလောင်မှုတစ်ခုပဲဖြစ်ဖြစ် တွေ့လိုက်လို့ရှိရင် မီးသတ်တပ်ဖွဲ့ကို အကူအညီလိုလို့ရှိရင် အခက်အခဲတစ်ခု ဖြစ်တဲ့အခါမှာ ဓာတ်ပုံလေးရိုက်ပြီးတော့ ပေးပို့လိုက်တဲ့အခါမှာ ဌာနချုပ်ရဲ့ Commen Centre မှာ ပေါ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြခန်းတစ်ခုလုံးမှာဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသုံးပြုနေတဲ့ လုံခြုံရေးနဲ့ သက်ဆိုင်တဲ့ ခေတ်မီလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းများကိုလည်း ပြသထားပါတယ်။ ပြခန်းကိုလာရောက်တဲ့ မိဘပြည်သူတွေကိုလည်း ကံစမ်းမဲလည်း ဖောက်ပေးပါတယ်။ အဓိကကတော့ ပြည်သူလူထု ပျော်ရွှင်ပြီးတော့ စိတ်ဝင်စားအောင် ကျွန်တော်တို့ပြခန်းမှာ ဆောင်ရွက်ထားပါတယ်။ ပြပွဲကိုလာရောက်တဲ့ မိဘပြည်သူများအနေနဲ့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနပြခန်းကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါက်တာဇော်လွင် (ဒုတိယညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆန်နှင့် ဆီ အရောင်းဆိုင်)**

ကျွန်တော်တို့ ဝန်ကြီးဌာနက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာနိုင်ငံ ဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ပူးပေါင်းပြီး ဆန်နဲ့ဆီတွေကို စားသုံးသူ ပြည်သူတွေအတွက် ဈေးနှုန်းသက်သာစွာနဲ့ လွယ်လွယ်ကူကူ ဝယ်ယူနိုင်ဖို့အတွက် ရောင်းချပေးလျက် ရှိပါတယ်။ ပြည်သူတွေကလည်း စိတ်ဝင်စားကြပါတယ်။ ဆီဆိုရင် အပြင်ဈေးနှုန်းနဲ့ယှဉ်ရင် တစ်ပိဿာကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ လောက် ဈေးနှုန်းသက်သာပါတယ်။ ဆန်ဆိုရင်လည်း တစ်အိတ်ကို ငွေကျပ် ၂၀၀၀ လောက် သက်သာတဲ့အတွက် ပြည်သူတွေလာရောက်ပြီး ဝယ်ယူကြတာများပါတယ်။

စိန်ရတုလွတ်လပ်ရေးနေ့မှာ ဆန်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ ဈေးနှုန်းသက်သာစွာနဲ့ ပြည်သူတွေကို ရောင်းချခွင့်ရတာကို သူတို့အနေနဲ့လည်း အလွန်ဝမ်းသာပီတိ ဖြစ်ကြပါတယ်။ ဝယ်ယူတဲ့ပြည်သူတွေအနေနဲ့လည်း အပြင်ဈေးနှုန်းထက် သက်သာတဲ့ဈေးနှုန်းဖြစ်တဲ့အတွက် ဝမ်းသာပြီး လာရောက်ဝယ်ယူကြပါတယ်။ ပြည်သူတွေရဲ့ တကယ်လိုအပ်ချက်က ဆန်နဲ့ဆီဖြစ်ပါတယ်။ ကြုံတောင့်ကြုံခဲ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးမှာ ကျွန်တော်တို့က ပြည်သူတို့ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဆန်နဲ့ဆီကို ဈေးသက်သာစွာနဲ့ လွယ်လွယ်ကူကူ ဝယ်ယူလို့ရရှိနိုင်အောင် ရောင်းချပေးတဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်ကနေ လာရောက်ပြီး ရောင်းချပေးတဲ့ ကုမ္ပဏီတွေကိုလည်း အထူး ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးနေဆန်း (ညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ပြခန်းမှာ ဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေဖြစ်တဲ့ ငွေရတုခေတ်၊ ရွှေရတုခေတ်၊ စိန်ရတုခေတ်မှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေကို ပြည်သူတွေသိရှိအောင် ပြသထားခြင်းဖြစ်ပါတယ်။ ငွေရတုခေတ်၊ ရွှေရတုခေတ်မှာ ဆောင်ရွက်ခဲ့တဲ့ ဌာနရဲ့ ဝန်ကြီးတွေ၊ ကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်မှု အခြေအနေတွေနဲ့ စိန်ရတုခေတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှာလည်း ဌာနရဲ့ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ခဲ့တာတွေကို အဓိကထားပြီး ပြသထားပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ စီးပွားရေးကို အဓိကထား ဆောင်ရွက်ပေးနေတဲ့ ဌာနဖြစ်တဲ့အတွက် နိုင်ငံက ပြည်ပကို တင်ပို့တဲ့ ပို့ကုန်တွေကိုလည်း ပြသထားခြင်းဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ ပတ်သက်တဲ့ မဟာဗျူဟာချမှတ်ပြီး ချမှတ်ထားတဲ့ ဗျူဟာပေါ်မူတည်ပြီး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်၊ ဝန်ကြီးဌာနက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေး ဦးတည်ချက်(၃)ရပ်နဲ့အညီ စီးပွားရေးကဏ္ဍကို ဆောင်ရွက်နေပါတယ်။

ပြခန်းကို လာရောက်လေ့လာတဲ့ ပြည်သူတွေ ကျွန်တော်တို့ ဝန်ကြီးဌာနက ဘာတွေဆောင်ရွက်နေတယ်၊ ကုန်သွယ်မှုတွေကို ဘယ်လိုလုပ်နေတယ်၊ စီးပွားရေးမူဝါဒနဲ့အညီ နိုင်ငံရဲ့စီးပွားရေးကို ဘယ်လို အထောက်အကူပြုနေတယ်၊ ပို့ကုန်တွေကို ဘယ်လိုမြှင့်တင် ဆောင်ရွက်နေတယ်ဆိုတာတွေကို သိရှိအောင် ပြသထားပါတယ်။ ပို့ကုန်မြှင့်တင်တဲ့အခါ ကုန်ပစ္စည်းတွေကို လျင်မြန်စွာ ပို့ဆောင်နိုင်ဖို့အတွက် အထူးစီးပွားရေးဇုန် သုံးခုနဲ့ ဆောင်ရွက်နေပါတယ်။ သီလဝါစီးပွားရေးဇုန်ကတော့ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါတယ်။ ထားဝယ်နဲ့ ကျောက်ဖြူ စီးပွားရေးဇုန်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ပြခန်းမှာ ပို့ကုန်သွင်းကုန်ကဏ္ဍမှာလည်း ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်တွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သရုပ်ပြဆောင်ရွက်ထားပါတယ်။

**ဒေါက်တာစိုင်းကျော်ဦး (ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အခုလို ဂုဏ်ပြုယာဉ်တွေ၊ အထိမ်းအမှတ်ပြခန်းတွေနဲ့ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းတွေကို ခင်းကျင်းပြသထားတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုခင်းကျင်းပြသထားတာကို တစ်ခါမှ မကြုံဖူးပါဘူး။ အခုမြင်တွေ့ရတော့ ပြသထားတာတွေက ထူးခြားပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးက ပြခန်းတွေကို လေ့လာကြည့်ရှုရတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အခုလိုပြပွဲဟာ ကျောင်းသားလူငယ်တွေနဲ့ မျိုးဆက်သစ်တွေကို ဗဟုသုတတွေ အများကြီးရစေတဲ့အတွက် ပိုပြီး လေ့လာကြည့်ရှုသင့်ပါတယ်။ ပြည်သူတွေကိုလည်း လွတ်လွတ်လပ်လပ် လာရောက်ကြည့်ရှုဖို့ စီစဉ်ထားတာလည်း ကောင်းပါတယ်။

**မဆုမြတ်နန္ဒာ (အမှတ်-၉ အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော်)**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ စာလုံးသရုပ်ဖော်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ တပေါင်းကွင်းမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြခန်းတွေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ် ပြခန်းတွေမှာ ပြသထားတာတွေကို လေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့ သွားစရာမလိုဘဲ တပေါင်းကွင်းမှာ ပြသထားတဲ့ ပြခန်းတွေကို လာရောက်လေ့လာခြင်းအားဖြင့် မြန်မာပြည်အနှံ့ ရောက်သွားသလို ခံစားရပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဒေသန္တရဗဟုသုတတွေနဲ့ အထင်ကရနေရာတွေကို တွေ့မြင်သိရှိခွင့်ရတဲ့အတွက် ပျော်ပါတယ်။ သူငယ်ချင်းတွေကိုလည်း မြန်မာပြည်အနှံ့ ရောက်သွားသလို ခံစားချင်တယ်ဆိုရင် အခုပြသထားတဲ့ပြခန်းတွေကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ကိုကြီးထိန်**

■

# ဇာဒက်ကြီးကျွန်းအရှေ့ဘက်ခြမ်း ကျွန်းပတ်မြေသားလမ်း ၆/၀ မိုင် လုပ်ငန်း ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၆**

ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းအရှေ့ဘက်ခြမ်း ကျွန်းပတ်လမ်း(လှျာကျွန်းထိ) ၂၁/၆ မိုင်အနက် ၆/၀မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ်သန်း ၃၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၃၃ ဒသမ ၆၃၀ အကုန်ကျခံကာ ကော့သောင်းမြို့နယ် လုံးဖောကျေးရွာအုပ်စု နမ္မတွန်-ရွာဟော့လူ ကျေးရွာချင်းဆက် ၇/၀ မိုင် အမာခံလမ်းခင်းခြင်းလုပ်ငန်းနှင့် ၁၀ ပေ သံကူကွန်ကရစ်တံတား ခြောက်စင်း ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးနှင့်အဖွဲ့က ယမန်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ချိုဆင့်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ တတိယနေ့ ဆက်လက်ခင်းကျင်းပြသမှု မြင်ကွင်း



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ရုပ်သေးအကဖြင့် ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



စက်မှုဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ စုစုပေါင်း ၅၅ ခန်းနှင့် ဂုဏ်ပြုယာဉ် စုစုပေါင်း ၄၈ စီးကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုနေမှုများကို ဖော်ပြအပ်ပါသည်။

**ဓာတ်ပုံမှတ်တမ်း - သက်အောင်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၆၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၁,၅၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့် ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အထက(၄)ကမာရွတ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၆

ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် (၄)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းပညာရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်အေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းတက်မှန်ဆုနှင့်ထူးချွန်ဆုရ ဆရာမများကိုလည်းကောင်း၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကူညီပံ့ပိုးပေးခဲ့ကြသော ကျောင်းအကျိုးတော်ဆောင်များကိုလည်းကောင်း ကမာရွတ်ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးလွင်တို့က ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများ၊ အတန်းစဉ်အလိုက်ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ တိုင်းဒေသကြီးနှင့်မြို့နယ်အဆင့် ဖွံ့ဖြိုးရေးဆုရသူများအား ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းအကျိုးတော်ဆောင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**



## ပိန်းကန်းကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိုင်းရှူး ဇန်နဝါရီ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်စွဲကျေးရွာအုပ်စု ပိန်းကန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မိုင်းရှူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဦးက ပိန်းကန်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ပိန်းကန်းကျေးရွာ ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်လမ်းအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပိန်းကန်းကျေးရွာရှိ အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ဒသမ ၉၄၅ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဂျဂျဂျ**

## မြန်မာ့ရိုးရာနွားဒုံးနှင့် နွားအလှပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၆

ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ လယ်ကွင်း၌ မြန်မာ့ရိုးရာနွားဒုံးနှင့်နွားအလှပြိုင်ပွဲကို ၂၅-၁၂-၂၀၂၂ မှ ၄-၁-၂၀၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ချီးမြှင့်**

ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီတွင် နွားဒုံးပြိုင်ပွဲဆုရရှိသည့်အဖွဲ့များကို ဆုပေးပွဲကျင်းပရာ ပထမဆုကို ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးကလည်းကောင်း၊ ဒုတိယဆုကို ခရိုင်



မီးသတ်ဦးစီးဌာနမှူး ဦးအောင်ခင်ဆင့်ကလည်းကောင်း၊ တတိယဆုကို ခရိုင်လဝကဦးစီးဌာနမှူး ဦးစိုးမြင့်ကလည်းကောင်း ဆုများချီးမြှင့်ကြပြီး အထူးဆုဖလားကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**၁၄၄**

## အင်းစိန် အ.ထ.က (၁)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီက အဆိုပါကျောင်းရှိ ဘောလုံးအားကစားကွင်း၌ကျင်းပရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းနာယက ဦးဘိုကြည် (ဒေါက်တာမိုလ်သံမဏိ-တောင်တွင်းကြီး) က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရ၊ လူရည်ချွန်ဆုရ၊ စာပေ၊ အားကစားထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဉာဏ်ဟိန်း**

# တရုတ်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာမူဝါဒသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ဖိလစ်ပိုင်နိုင်ငံမှ ကျွမ်းကျင်သူပြောကြား

**မနီလာ ဇန်နဝါရီ ၆**

တရုတ်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာမူဝါဒသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံမှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ် နိုင်ငံအတွင်းလက်ရှိအချိန်တွင် ပြည့်စုံတိကျသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံသားအများအပြားမှာလည်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီဖြစ်သဖြင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းစွာအကူအညီများပေးအပ်နိုင်တော့မည်ဟု မိမိယုံကြည်ကြောင်း ဖိလစ်ပိုင်နိုင်ငံအခြေစိုက် စီးပွားရေး မဟာဗျူဟာလေ့လာရေးအင်စတီကျူမှ ကျွမ်းကျင်သူ အေနာမလင်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ စနစ်ကျသည့် ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေး နည်းလမ်းများကြောင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ဝင်လာမည့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်အသက်ဝင်လာခဲ့ကြောင်း ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာသည်နှင့်အမျှ ၎င်းနှင့်အကျိုးတူကုန်သွယ်ဖက်နိုင်ငံများအတွက်ပါ အကျိုးကျေးဇူးများရရှိစေကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ရေးကဏ္ဍတွင်လည်း တရုတ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ရက်ရောစွာ လှူဒါန်းခဲ့သည်ကို တွေ့ရှိရပြီး တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံအကြားတွင်လည်း ကိုဗစ် ၁၉ ရောဂါ တိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**



# လာအိုနိုင်ငံ၌ ယမန်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ မြင့်တက်လာခဲ့

**ဗီယင်ကျန်း ဇန်နဝါရီ ၆**

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၂၃၆၄ ဦးရှိခဲ့ပြီး ၎င်းအရေအတွက်သည် ၂၀၂၁ ခုနှစ်က နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်ထက် သိသာစွာမြင့်တက်လာခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၁ ခုနှစ်အတွင်းက လာအိုနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄၀၀ ရှိခဲ့သည်။ ယမန်နှစ်အတွင်း သွေးလွန်တုပ်ကွေး ရောဂါကြောင့် ၂၄ ဦး သေဆုံးခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာပေးဌာနက ထုတ်ပြန်သည့်မှတ်တမ်းများအရ သိရသည်။


လက်ရှိအချိန်တွင် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၅၃၅၈ ဦး၊ လန်နန်သာပြည်နယ်၌ ၄၈၉၉ ဦးနှင့် လန်ပရာဘမ် ပြည်နယ်၌ ၁၇၅၉ ဦး အသီးသီး တွေ့ရှိရသည်။ လာအိုနိုင်ငံသားများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။

နိုင်ငံသားများအနေဖြင့် ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ကြွက်သားကိုက်ခဲခြင်း စသည့်လက္ခဏာများခံစားရပါက ဆေးရုံများသို့ ချက်ချင်းသွားရောက်ပြသရန်နှင့် ဆေးဆိုင်များမှ မိမိကိုယ်တိုင် ဆေးများဝယ်ယူသောက်သုံးခြင်းမပြုရန် ကျန်းမာရေး ဝန်ကြီးဌာနက ညွှန်ကြားထားသည်။

လာအိုနိုင်ငံ၌ ပြီးခဲ့သည့်နှစ်များအတွင်းက အရည်အချင်း ပြည့်ဝသည့် ဆေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကြောင့် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုများကို ကာကွယ်တားဆီးနိုင်ခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# အမေရိကန်နည်းပညာကုမ္ပဏီ Amazon က အလုပ်အကိုင်ပေါင်း ၁၈၀၀၀ ကျော် လျှော့ချရန်စီစဉ်




**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နည်းပညာကုမ္ပဏီ Amazon က အလုပ်အကိုင်ပေါင်း ၁၈၀၀၀ ကျော်ကို လျှော့ချပစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် ယခင်ထုတ်ပြန်ခဲ့သည့် အရေအတွက်ထက် များစွာပိုမိုကြောင်း သိရသည်။ Amazon သည် ဝန်ထမ်း ၁၀၀၀၀ ခန့်ကို လျှော့ချပစ်ရန် စီစဉ်လျက်ရှိကြောင်း နိုဝင်ဘာလတွင် ကြေညာခဲ့သည်။

Amazon အမှုဆောင်အရာရှိချုပ် Andy Jassy က ကုမ္ပဏီသည် ယခင်လျာထားသည့်အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီးနောက် ယခုဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယခုနှစ်အတွင်း အကျိုးအမြတ် မသေချာမရေရာမှုကြောင့် ဝန်ထမ်းအင်အားကို လျှော့ချရန် သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များစွာက ဝန်ထမ်းလိုအပ်ချက်ကြောင့် ဝန်ထမ်းများကို လျင်မြန်စွာ ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လုပ်သားဝန်ထမ်းများအား လျှော့ချပစ်ရန် ဆုံးဖြတ်ချက်သည် အလွန်ပင်ခက်ခဲခဲ့သော်လည်း ယခုအချိန်တွင် မဖြစ်မနေ စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝန်ထမ်းအင်အားလျှော့ချမှသာ ကုမ္ပဏီ၏ ကုန်ကျစရိတ်ကို ပြန်လည်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ကုမ္ပဏီ၏ အနာဂတ်အလားအလာအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

Amazon ကုမ္ပဏီ၏ ဝန်ထမ်းလျှော့ချမှုဆိုင်ရာ ကြေညာချက်သည် အမေရိကန် နည်းပညာနယ်ပယ်တွင် နောက်ဆုံးဖြစ်သည်။US Federal Reserve မှ အတိုးနှုန်း သိသိသာသာ မြင့်တက်ခြင်းကြောင့် စီးပွားရေးလုပ်ဆောင်ချက်များကို နှောင့်နှေးစေမည့် အရေးကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

■

# အမေရိကန်နိုင်ငံအတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအား ကိုင်တွယ်ရန် နယ်ခြားထိန်းချုပ်ရေး စီမံချက်အသစ်တစ်ရပ်ထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံအတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအား တင်းတင်းကျပ်ကျပ် နှိမ်နင်းနိုင်ရန် နယ်ခြားထိန်းချုပ်ရေး စီမံချက်အသစ်တစ်ရပ်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ကြေညာသည်။

ဂျိုးဘိုင်ဒင်သည် အမေရိကန်နိုင်ငံအတွင်း အမေရိကန် – မက္ကဆီကို နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန် ကြိုးပမ်းနေသူများနှင့် ရင်ဆိုင်နေရချိန်တွင် အဆိုပါကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လက တစ်ရက်တည်းမှာပင် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၉၀၀၀ ခန့်အထိ ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

နယ်စပ်ဖြတ်ကျော် တရားမဝင် ဝင်ရောက်လာသည့် ဗင်နီဇွဲလားနိုင်ငံသားများအား ချက်ချင်း နေရပ်ပြန်လွှတ်မည့်အစီအစဉ်ကို အမေရိကန်က စတင်အကောင်အထည်ဖော်ဆောင်လျက် ရှိသည်။ ကျူးဘား၊ နီကာရာဂွါနှင့် ဟေတီနိုင်ငံတို့မှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ယင်းအစီအစဉ်ကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ထို့ပြင် ဂျိုးဘိုင်ဒင်အစိုးရသည် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ချဉ်းကပ်မှုပုံစံများဖြင့် ကွဲပြားခြားနားစွာ ကျင့်သုံးလျက်ရှိကြောင်းလည်း ပြသလိုကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့အား တရားဝင်ပံ့ပိုးကူညီသူရှိခြင်းကဲ့သို့သော အထောက်အထားများကို ပြသနိုင်မည်ဆိုပါက ကျူးဘား၊ ဟေတီ၊ နီကာရာဂွါနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ တစ်လလျှင် ရွှေ့ပြောင်းနေထိုင်သူ ၃၀၀၀၀ ခန့်ကို လက်ခံသွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ကြေညာခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၄၅၆ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၆**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၄၅၆ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၈၉၅၂ ဦး ရှိကြောင်း သိရသည်။

အဆိုပါသေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ စတင်ကူးစက်သည့်အချိန်မှစပြီး ပထမဆုံး သေဆုံးသူအရေအတွက် စံချိန်တင် အများဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၅၅၄၂ ဦးရှိရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၀၀၄၄၃၇၇ ဦး ရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၀၇၂၀ သည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၂၉ ဦး ရှိသည်။

လွန်ခဲ့သော ရက်သတ္တပတ်က မြို့တော်တိုကျို၌ နေ့စဉ်ကူးစက်ခံရသူအရေအတွက် ၆၁၉၅ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။ **ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၉-၁-၂၀၂၃ ရက်နေ့မှ ၁၇-၂-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊အင်းကုန်းငါးဆူကျေးရွာအုပ်စု၊အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ ရွှေရည်ဦး(ခ)ရွှေရည်သည် ၎င်းအသုံးပြုသည့် "Shwe Ye" Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ မင်းသန့်ကျော်(ခ)မင်းသန့်သည် ၎င်းအသုံးပြုသည့် "Min Thant" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မွန်ပြည်နယ် အကျဉ်းဦးစီးဌာနမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၄၁၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မော်လမြိုင် ဇန်နဝါရီ ၆**

မွန်ပြည်နယ် အကျဉ်းဦးစီးဌာန ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းသား ၃၂၉ ဦး၊ အကျဉ်းသူ ၈၅ ဦး စုစုပေါင်း ၄၁၄ ဦးတို့အား ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားပြောကြားကာ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင် ခံစားခွင့်များပေးအပ်၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဗိုလ်တထောင်ခရိုင်/မြို့နယ်၌ လူဦးရေစာရင်းမြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်တွင် ခရိုင်/မြို့နယ် (Working Group) လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဗိုလ်တထောင်မြို့နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ဗိုလ်တထောင်ခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က



အဖွင့်အမှာစကား ပြောကြားပြီး ဗိုလ်တထောင်ခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းနှင့် ပတ်သက်သည်များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အတွင်း ဖွဲ့စည်းမှုအခြေအနေအား ဆွေးနွေးတင်ပြရာ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ခရိုင်နှင့် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံနှင့် သာကေတမြို့နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ အင်အား ၁၇၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**သာယာဝတီ ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(သဲဖြူ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(သဲဖြူ)တာဝန်ခံ ကျောင်းအုပ်ကြီး ဦးမိုးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူးရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ အထက(သဲဖြူ)တာဝန်ခံကျောင်းအုပ်ကြီး ဦးမိုးကျော်ဆန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွား





ပုသိမ်မြို့အကျဉ်းထောင်ဆူပူအကြမ်းဖက်မှုတွင် ဒဏ်ရာရရှိခဲ့သည့် အကျဉ်းဦးစီးဌာနဝန်ထမ်းများကို တွေ့ရစဉ်။






ပုသိမ်မြို့အကျဉ်းထောင်ဆူပူအကြမ်းဖက်မှုမှ အပျက်အစီးများကို တွေ့ရစဉ်။

ပုသိမ် ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သား ၇၀ ခန့်သည် ယနေ့နံနက်ပိုင်းတွင် အိပ်ဆောင်ဝင်းတံခါးများကို ချိုးဖျက်ဖျက်ဆီးခြင်း၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများကို အော်ဟစ်ဆဲဆိုခြင်း၊ မချေမငံပြောဆိုခြင်းနှင့် ရန်မူရန်ကြိုးပမ်းလာခဲ့သဖြင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများက မိမိအခန်းများသို့ အသာတကြည် ပြန်လည်ဝင်ရောက်ရန် ဖျောင်းဖျပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်အော်ဟစ်ဆူပူမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် အခြားအိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သားအချို့ကလည်း ၎င်းတို့၏အိပ်ဆောင်များရှိ တံခါးများကို ဖျက်ဆီးခြင်း၊ CCTV များကို ဖျက်ဆီးခြင်း၊ အကျဉ်းထောင်အတွင်းရှိ စည်းကမ်းထိန်းရုံးသို့ သွားရောက်ရန်မူရန် ကြိုးစားလာကြပြီး ပထမဆူပူမှု ဖြစ်ပွားနေသည့်အဆောင်ရှိ အကျဉ်းသား၊ အချုပ်သားများနှင့် ပူးပေါင်းကာ ဖျက်ဆီးမှုများကို အရှိန်မြှင့် ဆောင်ရွက်လာကြသည်။

ထိုသို့ ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် အခြေအနေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစီး၍ တာဝန်ရှိသူဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်ကာ အကျဉ်းသား၊ အချုပ်သားများအား လူစုခွဲရန် ထပ်မံပြောကြားဖျောင်းဖျခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အိပ်ဆောင်ကွပ်ပျစ်များအား ရိုက်ချိုးထားသည့် သစ်သားချောင်းများ၊ အုတ်နီခဲများ၊ အင်္ဂတေခဲကျိုးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်မူတိုက်ခိုက်လာကြသဖြင့် ဆက်လက်ဖျောင်းဖျရန် အခြေအနေမရှိတော့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်ပြီး တုတ်/ဒိုင်းများ အသုံးပြုနှိမ်နင်းခဲ့ရကြောင်း၊ ဆူပူအကြမ်းဖက်မှုကို ထိန်းသိမ်းနေစဉ် အကျဉ်းသား၊ အချုပ်သားများအနေဖြင့် ၎င်းတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွားထိုးကြိတ်ရိုက်နှက်မှုများ ဖြစ်ပွားခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ထိန်းသိမ်းမှုကြောင့် နံနက် ၁၁ နာရီခွဲခန့်တွင် အခြေအနေအား ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းကိုးဦး ပေါင်း ၁၁ ဦး ဒဏ်ရာရရှိခဲ့ပြီး အချုပ်သား တစ်ဦးမှာ ၎င်းတို့အချင်းချင်း ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ကာ အကျဉ်းသား၊ အချုပ်သား ၆၃ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်စဉ်ပါပဏာမစိစစ်မှုအရ ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် အကျဉ်းသားတစ်ဦးထံမှ ကီးပက်ဖုန်းတစ်လုံး ရှာဖွေသိမ်းဆည်းရမိမှုအပေါ် လိုအပ်သလို အရေးယူနိုင်ရေးအတွက် ဆောင်ရွက်နေစဉ် ၎င်းဖြစ်စဉ်အပေါ် ကျေနပ်မှုမရှိခြင်း၊ အချင်းချင်း မြှောက်ပင့်၍ ရုန်းရင်းဆန်ခတ်ဖြစ်အောင် ကြိုးပမ်းခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မင်းရန်အောင်ပန်းချီကား (သို့မဟုတ်) မော်ဖဒေသပုံရိပ်များ

မြင့်စိုး(နတလ)

(ယမန်နေ့မှအဆက်)

**အဓိကရည်မှန်းချက် ပွိုင့် ၆၀၂၈**

တစ်ချိန်က တိုက်ခိုက်သိမ်းပိုက်ခဲ့သော အချက်အချာ တောင်ကုန်းများအား လိုက်လံကြည့်ရှုချိန်၊ မက်မန်းမြို့ထဲမှာ စာအုပ်စာစောင်များ ပေးလှူချိန်တို့တွင် အမေဒေါ်သက်ဆွေလည်း ပါသည်။ တိုင်းမှူး၏ဇနီးကလည်း အဖော်ပြုပေး၏။ အမေလည်း အသက်အရွယ်ရနေပေပြီ။ အဘဦးညွန့်ဆွေနှင့် နှစ်နှစ်သာကွာသော (၈၆) နှစ်အရွယ်ဖြစ်၏။ ယခုအချိန်အထိ တစ်ဦးနှင့်တစ်ဦး ဖေးဖေးမမ အားပေးပြောဆိုသံများ၊ ကြင်နာယုယမှုလေးများ မြင်နေရသဖြင့် အလွန်ပင် လေးစားမိပါသည်။ ငယ်စဉ်က ရေဒီယိုမှာ မကြာမကြာ နားထောင်ခဲ့ရသည့် "တို့များအရွယ်ညောင်းခဲ့ရင်ကွယ်"အစချီသောသီချင်းကိုပင် ပြေး၍ကြားယောင်မိသေးတော့။

အဘဦးညွန့်ဆွေနှင့်အဖွဲ့သည် ပွိုင့် ၃၂၈၀ ကို ကြည့်ရှုပြီးနောက် မက်မန်းမြို့သို့ ပြန်လည်ထွက်ခွာကာ မက်မန်းနှင့် အေးကျန့်ရွာလေး အကြားရှိ ပွိုင့် ၅၇၁၀ ကုန်းကို ကြည့်ရှုကြပါသည်။ အဆိုပါတောင်ကုန်းသည် ဒုတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေနှင့် ကွပ်ကဲမှုအဖွဲ့ နေရာယူတပ်စွဲပြီး တိုက်ပွဲစဉ်များကို ကွပ်ကဲခဲ့သောကုန်းဖြစ်သည်။

"ကျွန်တော်တို့အဖွဲ့ သံလွင်ကိုကူးပြီး ခမရ ၁၀၇ နဲ့ မွတ်နီးကို သိမ်းပြီးချိန်မှာ မြောက်ဘက်ပန်းခါးတောင်ကြောကို တင်လိုက်တဲ့ ရှမ်း(၁)က တိုက်ပွဲတွေ စဖြစ်နေပြီ။ ရှမ်း (၁)မှာ တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီး သာစိန်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က IO (ထောက်လှမ်းရေးအရာရှိ)၊ ဗကပက ရှမ်း(၁)ကို အာရုံစိုက်နေချိန်မှာ ကျွန်တော့် ကွပ်ကဲမှုအဖွဲ့နဲ့ ခမရ (၁၀၇) က မွတ်နီးကိုသိမ်းပြီး ဝမ်ကန်ရွာပျက်ကို ရောက်ရှိအခြေပြုပါတယ်။ ကစထမှူးကြီးဗိုလ်ချုပ်ကြီးထွန်းရီ၊ တိုင်းမှူးဗိုလ်ချုပ်လှဦး၊ တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေတို့ ရဟတ်ယာဉ်နဲ့ ရောက်လာတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်နဲ့မြေပြင်အခြေအနေတွေကို ကြည့်ရှုသုံးသပ်ပြီးတဲ့အခါ ကစထမှူးကြီးက ညွှန်ကြားချက်ပေးပါတယ်။ ပွိုင့် ၆၀၂၈ (လွိုင်ဆိုက်ခေါင်)နဲ့ ပွိုင့် ၆၀၀၀ ကြောတွေကို မရရအောင်တိုက်ရမယ်။ မြေပြင်အနေအထားအရ Casualties (ထိခိုက်မှု) ငါးဆယ်ရာခိုင်နှုန်းလောက် ရှိချင်ရှိနိုင်တယ်။ စွန့်စွန့်စားစားတိုက်မှရမယ်။ ပန်ဆန်းကို ခြိမ်းခြောက်ဖို့၊ ထိန်းချုပ်ထားဖို့ ဒီစစ်ဆင်ရေးကို လုပ်တာဗျလို့ ပြတ်ပြတ်သားသား ပြောသွားတာ.......။"

"သံလွင်ကို စကူးတုန်းကလည်း သေသေချာချာ ညွှန်ကြားခဲ့တယ်။ ခင်ဗျား သံလွင်ကိုကူးပြီးရင် တွေ့တဲ့ရန်သူတိုက်ဖို့က ပြဿနာမဟုတ်ဘူး။ တပ်တွေကလည်း အတွေ့အကြုံရှိတယ်။ ခင်ဗျားကလည်း အတွေ့အကြုံရှိတယ်။ ပူစရာမလိုဘူး။ သံလွင်ကို ကူးနိုင်ဖို့က အဓိကပဲ။ Normamdy Landing လို့ သဘောထား၊ လုံးဝမပေါ့နဲ့ဆိုပြီး မှာတာဗျ"




တပ်မ(၇၇)တပ်များ သံလွင်မြစ်ကူး စစ်ဆင်ရေး ပြုလုပ်နေစဉ် အခြားသော တပ်မ(၆၆)၊ တပ်မ(၈၈)၊ တပ်မ(၉၉)၊ ရမခတပ်များသည် သတ်မှတ်နေရာများတွင် ရောင်ပြစစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ ဗကပ အနေဖြင့် အခြားနေရာများ၌ အာရုံထွေပြားနေအောင် ကစထမှူးကြီးက စစ်ရေးအစီအမံ လှည့်စားခဲ့ခြင်းဖြစ်ပြီး သို့မှသာ သံလွင်မြစ်ကိုကူးနေသည့် တပ်မ(၇၇) တပ်များ အောင်မြင်စွာ ဖြတ်ကူးနိုင်မည်ဖြစ်သည်။ တပ်ရင်း ငါးရင်း သံလွင်ကူးပြီးချိန်တွင် ဗကပများ ရိပ်မိသွားသဖြင့် ပန်ခါးကြော၊ ပွိုင့် ၆၀၂၈၊ ပွိုင့် ၆၀၀၀ ကုန်းများတွင် အင်အားထပ်မံဖြည့်တင်းပြီး လက်နက်ကြီးများတင်ကာ အသင့်ပြင်၍စောင့်နေပါတော့သည်။ ဒုတပ်မမှူးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်တွင် ပွိုင့် ၅၇၁၀ ကုန်း သို့ ရွှေ့ပြောင်းကွပ်ကဲခဲ့သည်။ ၁၀၅ မမ ဟောင်ဝစ်ဇာ အမြောက်တစ်လက်ကို ရဟတ်ယာဉ်နှင့် ပို့ပေးသည်။ နိုင်ငံတော်အလံကိုလည်း ပွိုင့် ၅၇၁၀ ကုန်းတွင် လွှင့်ထူခဲ့သည်။ ပွိုင့် ၅၇၁၀ ကုန်းနှင့် ပွိုင့် ၆၀၀၀ ကုန်းတို့သည် ကိုက် ၅၀၀၀ ခန့်သာ ဝေးကွာပါသည်။

"နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ခမရ (၁၀၇) စက (၂) ကို ပွိုင့် ၅၇၁၀ နဲ့ ပွိုင့် ၅၈၆၀ ကုန်းတွေအထိ ဆန့်ထုတ်လိုက်တာ မှန်သွားတယ်။ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ ပွိုင့် ၆၀၀၀ ကနေ ဗကပ ၁၅ ယောက်လောက် ဆင်းလာတာကို စောင့်ကြိုပစ်ခတ်နိုင်ခဲ့တယ်။ ကျွန်တော် ပွိုင့် ၅၇၁၀ ကိုရောက်ချိန်မှာ ကက (ကြည်း)ရဲ့ ညွှန်ကြားချက်ကို စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးတင်ဦး (နောင်သောအခါ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး-အတွင်းရေးမှူး ၂) က ပေးလာတယ်။ ပွိုင့် ၇၁၂၃ (လွိုင်ဟိုလာ) အထိ မိမိတပ်ကို တင်ထားပါတဲ့။ ကျွန်တော့်ဆီမှာ အနီးကပ်ရှိနေတဲ့ ခမရ (၁၀၅) တပ်စုတစ်စုကို ရိက္ခာ ခုနစ်ရက်စာနဲ့ ထားလိုက်ပါတယ်။"

**ပွိုင့် ၆၀၂၈ ကို ရောက်ခဲ့သည်**

ဧပြီလ ၆ ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပွိုင့် ၆၀၂၈ ကုန်းသို့ ရောက်ရှိလေ့လာခဲ့ကြပါသည်။ ထိုကုန်းကြီးသည် မော်ဖဒေသ၏ အဓိကအချက်အချာတောင်ကုန်းဖြစ်သကဲ့သို့ မင်းရန်အောင်စစ်ဆင်ရေး၏ အဓိကရည်မှန်းချက်လည်း ဖြစ်ခဲ့ပါသည်။ ယင်းကုန်းပေါ်သို့ ရောက်ရှိသွားချိန်မှာ ပြောက်ကျားစစ်ဂျာကင်ဝတ်ထားသော အဘဦးညွန့်ဆွေသည် အရာရှိလေးတစ်ဦးထံမှ စစ်သံခမောက်ဦးထုပ်ကို ခေတ္တယူ၍ ဆောင်းလိုက်ပါသည်။ ထိုစဉ်ခဏ၌ ဤစစ်သားအိုကြီး၏ မျက်နှာပေါ်မှာ စစ်စိတ်စစ်သွေး၊ စစ်သွေးစစ်မာန်များ လျှံတက်လာသည်ထင့်၊ ဆက်သွယ်ရေးမြောင်းများကို ကျော်လွှားသွားနေသည့် သူ့ဟန်ပန်အမူအရာသည် လွန်စွာမှ ပေါ့ပါးတက်ကြွ လန်းဆန်းနေပေသည်တကား။ "ဟိုတုန်းကတော့ နှုတ်ခမ်းမွေးကြီးနဲ့ပေါ့ကွာ။ ဒါကလည်း တရားဝင်ခွင့်ပြုချက်တောင်းပြီးမှ ထားခဲ့တာ"ဟု ပြောလိုက်သေး၏။ ထိုကုန်းအောက်ခြေတွင် ပန်ဆန်းသို့သွားသော ကားလမ်းနှင့် တွယ်နောက်သို့သွားသောကားလမ်းများ ရှိနေသည်။ ပွိုင့် ၆၀၂၈ မှ ရောင်အော်သို့ ငါးမိုင်၊ ရောင်အော်မှ ပန်ဆန်းသို့ ငါးမိုင်ခရီး ရှိပါသည်။ ကုန်းပေါ်မှနေ၍ အရပ်ရှစ်မျက်နှာကို လှည့်လည်ကြည့်ရှုရင်း အဘဦးညွန့်ဆွေထံမှ မော်ဖတိုက်ပွဲအတွေ့အကြုံများကို ထပ်မံကြားသိခွင့်ရခဲ့ပြန်ပါသည်။

"၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ခမရ (၁၀၁) က သံခမောက်ကုန်းနဲ့ ပွိုင့် ၆၀၀၀ ကုန်းတွေကို မရသေးဘူး။ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ရှမ်း(၁) က ပန်ခါးကြောကို တိုက်တဲ့နေရာမှာ စက(၁)က အနောက်ဘက်တောင်ကြောက တိုက်တယ်။ စက(၂) နဲ့ ကွန်မန်ဒိုတပ်ခွဲက မြောက်ဘက်ကနေ လက်နက်ကြီး ပစ်ကူပေးပြီး ဝင်တိုက်ကြတယ်။ ကွန်မန်ဒိုတပ်ခွဲဆိုတာက အဲဒီအချိန်မှာ ခလရ(၆)တပ်ရင်း တက်လာပြီမို့ သူ့အထဲကနေ ဗိုလ်မှူး သူရအောင်ထက်နဲ့ တပ်ခွဲနှစ်ခွဲပါ ကွန်မန်ဒို စစ်ကြောင်း ထုတ်နုတ်ထားတာ.....ရှမ်း(၁)ကလည်း ပန်ခါးကြောကို မတိုးနိုင်သေးဘူး။ ခမရ(၁၀၇) စစ်ကြောင်းတစ်ခုကို ပန်ခါးရဲ့ ခါးလယ်ကနေ ဖြတ်ထိုးကြည့်ခဲ့သေးတယ်။ ပြောရရင်တော့ ဒီဇင်ဘာလ ၃ ရက်နေ့လောက်အထိ ပွိုင့် ၆၀၀၀၊ သံခမောက်ကုန်း၊ ပွိုင့် ၆၀၂၈ နဲ့ ပန်ခါးကြောကို ကျွန်တော်တို့ မရသေးဘူး။ ဒါကြောင့် ဒီဇင်ဘာလ ၆ ရက်နေ့ ညနေမှာ သံခမောက်ကုန်းကို မောင်ရီးနဲ့ တိုက်ခိုင်းပြီး ကျန်နေရာတွေမှာလည်း တစ်ပြိုင်တည်း တိုက်ခဲ့တယ်......"

အဘဦးညွန့်ဆွေက ပြောရင်းနှင့် သူ့တပည့် ဗိုလ်မှူး သီဟသူရမောင်ရီးကို သတိရသွားပြန်ပါသည်။ အတန်ငယ်ငြိမ်သက်သွား၏။ ပြီးလျှင် ရောင်အော်ရွာဘက်သို့ လှမ်းမျှော်ကြည့်ရင်း စကားစပါသည်။

"ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ကျွန်တော်တို့ ရင်ဆိုင်ထားတယ်။ ရိက္ခာနဲ့ ခဲယမ်းကို အဓိကဖြည့်တယ်။ ဒီဇင်ဘာလ ၁၃၊ ၁၄ ရက်နေ့တွေမှာ လှည့်စားစစ်ဆင်ရေးစီမံချက်ကို စတင်ခဲ့တယ်။ တကယ်တိုက်မယ့် စီမံချက်ကို တပ်မှူးတွေဆီ လျှို့ဝှက်အသိပေးပြီး စီမံချက်အတုကိုတော့ ဆက်သွယ်ရေးစက်နဲ့ ပို့လိုက်တယ်။ တကယ့်တပ်ရွှေ့လျားမှုကတော့ ခမရ (၁၀၁) စက(၂)က ပွိုင့် ၆၀၀၀ ကုန်းကို ထိန်းထားမယ်။ စက(၁)နဲ့ ကျန်တပ်ခွဲတွေက ပွိုင့် ၆၀၂၈ နဲ့ ဝမ်ပါသောင်းကြားကို ဖြတ်ဝင်မယ်။ ခလရ (၆) စက (၁)နဲ့ တပ်ခွဲ သုံးခွဲက ပန်ခါးမြောက်ဘက် ကိုက် ၃၀၀၀ လောက်အကွာ မန်ကျူရွာပျက်ကတစ်ဆင့် ပွိုင့် ၆၀၂၈ ရဲ့ အနောက်မြောက်ဘက်က ချဉ်းကပ်မယ်။ ခလရ (၆) ရဲ့ ကွန်မန်ဒိုအဖွဲ့ကတော့ ပွိုင့် ၆၀၂၈ ရဲ့ မြောက်ဘက်ကို ဖြတ်ဝင်ပြီး တိုက်ပွဲတွေ ဆက်တိုက်ဖြစ်နေတဲ့ ရှမ်း (၁) ကိုတော့ ခဏအနားပေးတဲ့အနေနဲ့ စက (၂) က ပန်ခါးတောင်ကြောကို ဟန်မပျက် ရင်ဆိုင်ထားပြီး စက (၁) က ပွိုင့် ၆၀၂၈ ရဲ့ တောင်ဘက်မှ ရောင်ပြချဉ်းကပ်စေခဲ့တယ်။ ခမရ (၁၀၇) စက (၁)နဲ့ (၂) အားလုံးက ပန်ဆန်းနဲ့ ရောင်အော်ကြား ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ထိန်းရင်း ခံစစ်အပါးဆုံးနေရာကနေ ဝင်တိုက်မယ်။ ပြောရရင်တော့ ရန်သူထင်မထားတဲ့အချိန်မှာ လေယာဉ်ပစ်ကူမပါဘဲ ဝိုင်းပတ်တိုက်ခိုက်တဲ့ အစီအစဉ်ပါပဲ။ လေယာဉ်ပစ်ကူမပါတော့ ရန်သူကလည်း တိုက်မယ်မထင်ခဲ့ဘူးလေ။"

ထပ်မံ သိခွင့်ရလိုက်သည်များကတော့ ဒီဇင်ဘာလ ၁၆၊ ၁၇ ရက်နေ့တို့တွင် တိုက်ပွဲများ ပြင်းထန်လာခဲ့ကြောင်း၊ ခမရ (၁၀၁) စက (၁) သည် ပွိုင့် ၆၀၂၈ ၏ ရှေ့ကိုက် ၂၀၀၀ ထိ ချဉ်းကပ်မိပြီး ဗကပရှေ့ကာကုန်းများမှာ တိုက်ခိုက်နေရကြောင်း၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်တော့ ခလရ (၆)၊ ခမရ (၁၀၇)၊ ရှမ်း(၁)အဖွဲ့များ ဟန်ချက်ညီညီ တိုက်ခိုက်ခဲ့ကြကြောင်း၊ ပွိုင့် ၅၇၁၀ ရှိ အမြောက် ရှစ်လက်နှင့် ပွိုင့် ၆၀၂၈၊ ပန်ခါး၊ ပွိုင့် ၆၀၀၀ တို့ကို ပစ်ကူပေးချေမှုန်းပစ်ခတ်ပေးခဲ့ကြောင်း၊ ရောင်အော်လမ်းကြောင်းဘက်သို့လည်း ပစ်ခတ်ပေးသဖြင့် စစ်ကူလာသည့် ဗကပများအပေါ် ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ခမရ (၁၀၇)စက ၂ သည် ပွိုင့် ၆၀၂၈ ၏ ခါးလယ်ကိုဝင်စီးမိပြီး လုံးထွေးတိုက်ခိုက်ခဲ့ရကြောင်း သိရပါသည်။ ပွိုင့် ၆၀၂၈ ကုန်းကြီးပေါ်သို့လည်း ရောက်နေပြန်၊ ပတ်ဝန်းကျင်မြေအနေအထားကိုလည်း မြင်တွေ့နေရပြန်ဆိုတော့ကာ အဘဦးညွန့်ဆွေ ပြောပြသော တိုက်ပွဲဖြစ်စဉ်ပေါ်မှာ ကျွန်တော်ကိုယ်တိုင် လိုက်ပါစီးမျောနေမိပါတော့သည်။

နိဂုံးချုပ်လိုက်သော် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ ညနေ ၄ နာရီ ၃ မိနစ်အချိန်မှာ ပွိုင့် ၆၀၂၈ ကို ခမရ(၁၀၇)က သိမ်းပိုက်ခဲ့ပါပြီ။ ပွိုင့် ၆၀၂၈ ကျသွားပြီမို့ ပန်ခါးကြောက ဗကပများ၊ ပွိုင့် ၆၀၀၀ ကုန်းက ဗကပများပါ ဒရောသောပါး ဆုတ်ခွာသွားကြကြောင်း၊ **စာမျက်နှာ ၁၇ သို့** ☆

☆ **တပ်မတော်သည် နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းတစ်ခုတလေကိုမျှ အထိအခိုက်မခံ၊ ပြိုကွဲမခံရလေအောင် အသက်နှင့်ရင်း၍ ကာကွယ်စောင့်ရှောက်ခဲ့သော အစဉ်အလာကို မော်ဖဒေသတိုက်ပွဲဖြစ်စဉ်များတွင် ထင်ရှားစွာတွေ့မြင်ခဲ့ရ**

☆ **ယနေ့အချိန်၌လည်း တပ်မတော်သည် ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ထာဝရတည်ငြိမ်အေးချမ်းရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိ**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၅)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၅)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် ကျင်းပသည်။



ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးနေသည့် အသင်းတစ်ရပ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ကြက်ခြေနီလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်ပေးနေတာကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့၏ ပရောဂကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရပြီး အဆိုပါကာလများအတွင်း အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အကူအညီလိုအပ်နေသည်များကို ကြက်ခြေနီအသင်းများက ကြက်ခြေနီအခြေခံမူများနှင့်အညီ လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနေကြသည်ကို မြင်တွေ့နေရကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံတော်အတွင်း၌ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေကြသည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ မြန်မာနိုင်ငံကို စတင်ကူးစက်ပြန့်ပွားချိန်ကစပြီး ယနေ့အထိ စိတ်အားထက်သန်စွာ အများပြည်သူအတွက် လိုအပ်သည့် ကျန်းမာရေးအသိပညာပေးမှု၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အောက်ဆီဂျင်ကအစ လိုအပ်သည့်ဆေးဝါးများကို ရှာဖွေထောက်ပံ့ပေးခြင်းများအပါအဝင် ကာကွယ်ဆေးထိုးသည့်အချိန်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ကြောင်း၊ ရှေ့ဆက်ပြီး အများပြည်သူအကျိုးအတွက် တတ်စွမ်းသည့်ဘက်မှ ဆက်လက်ပါဝင်ကူညီပေးကြရန်လည်း အသင်းဝင်များအားလုံးကို တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှာ လူမှုကရုဏာအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ အသင်း၏ ရည်ရွယ်ချက် (၁၂)ချက်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ ပြခန်းငယ်အားကြည့်ရှုကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အမယာမော်နိုင်၊ အချိန်ပြည့်/အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ၊ ကြက်ခြေနီဗဟိုကောင်စီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ မိတ်ဖက်အမျိုးသားအသင်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

(၈၅)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ နှစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ကျောဖုံးမှ**

ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်အရောက်မှာတော့ မန်စီးတီးအသင်းက ကွင်းလယ်ကစားသမား မာရက်ဇ်ရဲ့ သွင်းဂိုးရရှိခဲ့လို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား မာရက်ဇ်ရဲ့ သွင်းဂိုးဟာ အခုဘောလုံးရာသီမှာ မန်စီးတီးအသင်းအတွက် သွင်းယူပေးခဲ့တဲ့ ဒုတိယမြောက်ပရီမီယာလိဂ် သွင်းဂိုးလည်း ဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းဟာ လူစားလဲလှယ်မှု မပြုလုပ်ရသေးမီအချိန်အထိ ချယ်လ်ဆီးအသင်းကို အသားစီးရယူပြီး ဂိုးသွင်းနိုင်ဖို့ ရုန်းကန်ခဲ့ရပေမယ့် လူစားလဲမှုပြုလုပ်ပြီးချိန်မှာတော့ အသင်းအတွက်လိုအပ်နေတဲ့သွင်းဂိုးကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ၁၇ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၉ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်အသင်းကတော့ ၁၇ ပွဲကစားပြီးချိန်မှာ ရမှတ် ၄၄ မှတ်ရရှိထားတာကြောင့် လက်ရှိအချိန်မှာ ဒီနှစ်သင်းအကြား ရမှတ် လေးမှတ်ကွာဟနေတာ ဖြစ်ပါတယ်။

**ငွေကြယ်**

---

# ဗဟန်းမြို့နယ်၌ အားကစားပြိုင်ပွဲများ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**



ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရပ်ကွက်ပေါင်းစုံ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စက်ဘီးစီး၊ စစ်တုရင်၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေနန်ယန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဆုရအားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

**✮ စာမျက်နှာ ၁၆ မှ**

ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ လိုက်လံဖြတ်တောက်ပိတ်ဆို့ရှင်းလင်းခဲ့ရကြောင်း သိရပါသည်။ ဒုတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေသည် ပွိုင့် ၆၀၂၈ သို့ ဒီဇင်ဘာလ ၂၀ ရက်နေ့ နေ့လယ်ပိုင်းတွင် သွားရောက်ခဲ့ပြီး နိုင်ငံတော်အလံကို လွှင့်ထူခဲ့သည်။

“ပွိုင့် ၆၀၂၈ ကို သိမ်းပြီးတာနဲ့ ကထစမှူး ဗိုလ်ချုပ်ကြီး ထွန်းရီ၊ တိုင်းမှူး ဗိုလ်ချုပ် လှဦး၊ တပ်မမှူး ဗိုလ်မှူးကြီး ချစ်ဆွေ၊ အမြောက်နဲ့ သံချပ်ကာယန္တရား ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသက်ဝေ၊ ရှမ်းပြည်နယ်ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထွန်းရင်လေသတို့အဖွဲ့ ရောက်လာကြတယ်။ ရောင်အော်လမ်းအတိုင်း ဆက်ဆင်းပြီး ရှေ့တိုးတိုက်ဖို့ ခွင့်တောင်းခဲ့ပေမယ့် ခွင့်မပြုတော့ဘူး။ ဆက်မတိုးတာလည်း ကံကောင်းတယ်ဗျ၊ နောက်မှ ပြန်သတင်းရတာက ပန်ဆန်းနဲ့ ရောင်အော်ကြားမှာ ဗကပ အလုံးအရင်းနဲ့ စောင့်နေကြောင်းသိရတယ်။ သည်တုန်းက ဗကပရဲ့တပ်မ (၄၈)မှာ ပါဝင်တိုက်ခိုက်နေတဲ့ ကိုအောင်ကျော်ဇော (ဗိုလ်မှူးချုပ်ကျော်ဇော၏သား) နဲ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ဆုံခဲ့တယ်။ သူ့ဆီက ကျွန်တော်သိချင်တဲ့ အချက်တစ်ချက်ကို သိခွင့်ရခဲ့တယ်။ အဲဒါကဘာလဲဆိုတော့ ကျွန်တော်တို့ မော်ဖဒေသကို သိမ်းပြီး နှစ်လ၊ သုံးလလောက်တော့ ငြိမ်သက်သွားပေမယ့် ၁၉၈၀ ပြည့်နှစ် ဧပြီလမှာ လွိုင်ဟိုလာကို လာတိုက်တယ်။ ပြီးတော့ ပန်ခါးကနေ လွိုင်ဆိုက်ခေါင်ကို တက်ရာမှာ အဓိကတောင်ကုန်းဖြစ်တဲ့ ပွိုင့် ၃၂၈၀ ကိုပါတိုက်ပြီး အခိုင်အမာ တပ်စွဲထားပြန်တယ်။ လူပ်ရှားစစ်ကြောင်းတွေကိုလိုက်ပြီး တိုက်ကွက်ဖော်တာတွေလုပ်ခဲ့တယ်။ ကျွန်တော်တို့ တော်တော်လေး ပြန်တိုက်ခဲ့ရတယ်။ သူတို့ ရည်ရွယ်ချက်က ဘာဆိုတာကိုတိတိကျကျ မသိခဲ့ရဘူး။ ကိုအောင်ကျော်ဇော ပြောပြတာကတော့ အဲဒီအချိန်မှာ ဗကပဗဟို ဒုတိယဥက္ကဋ္ဌ ရဲဘော်ခင်မောင်ကြီး (ခေါ်) ယန်ကွမ်းနဲ့ ဗိုလ်တိုက်အောင်တို့က အင်အား ၁၀၀၀ လောက်နဲ့ သံလွင်ကို ဖြတ်ကူးပြီး လဲချား/ မိုင်းကိုင်ဘက်ကို ဝင်ဖို့ ရှိနေတာကြောင့် ပွိုင့် ၃၂၈၀ ကုန်းအပါအဝင် လှုပ်ရှားစစ်ကြောင်းတွေကိုပါ ရောင်ပြတိုက်နေတာလို့ သိခွင့်ရခဲ့ပါတယ်။”

အဘဦးညွန့်ဆွေက လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က ဖြစ်စဉ်များအား မနေ့တစ်နေ့က ကြည့်ခဲ့ရသော ရုပ်ရှင်ကားကြီးတစ်ကားပမာ ပြန်လည်ပြောပြနေသည်ကို ကျွန်တော် အံ့သြခြင်းများစွာနှင့် နားထောင်ခဲ့ရသည်။

**မက်မန်းမှ အပြန်ခရီး**

ဧပြီလ ၆ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အဘဦးညွန့်ဆွေနှင့်အဖွဲ့ မက်မန်းမှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။ ပွိုင့် ၇၁၂၃ (လွိုင်ဟိုလာ) ပေါ်မှ ဖြတ်၍ပျံသန်းသည်။ လွယ်မွေတွင် အရင်ဆင်းပြီးနောက် စတုရဋ္ဌသုမင်္ဂလစေတီတော်ကြီးအားဖူးမြော်ကာ နှစ် ၁၀၀ စံအိမ်ကို ကြည့်ရှုလေ့လာကြသည်။ မွန်းလွဲ ၃ နာရီခန့်တွင် ကျိုင်းတုံသို့ ပြန်လည်ရောက်ရှိပြီး သစ်တစ်ပင်ကုန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရင်း၊ အပန်းဖြေနားနေရင်း ကော်ဖီသောက်ခဲ့ကြ၏။ ဧပြီလ ၇ ရက်နေ့ ၁၀ နာရီခွဲအချိန်တွင်မှာတော့ တပ်မတော်လေယာဉ်ကြီးနှင့်ပင် ကျိုင်းတုံမှ ပြန်လည်ထွက်ခွာလာကြပြီး နေပြည်တော်တွင် ကျွန်တော်ဆင်းကျန်ရစ်ခဲ့ပါသည်။ အဘဦးညွန့်ဆွေ၊ အမေဒေါ်သက်ဆွေတို့နှင့် မော်ဖဒေသတိုက်ပွဲစဉ်များတွင် ပါဝင်ခဲ့ကြသော ဗိုလ်မှူးကြီးသိန်းမြင့်(ငြိမ်း)၊ ဗိုလ်မှူးကြီးတင်ဝင်း (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်(ငြိမ်း) တို့က ရန်ကုန်သို့ဆက်လက်လိုက်ပါသွားကြပါသည်။

**အစဉ်အလာကောင်းများနှင့် တပ်မတော်**

မော်ဖဒေသအောင်ပွဲသည် ကစထမှူးကြီး ဗိုလ်ချုပ်ကြီးထွန်းရီ၊ ဒုတပ်မမှူး ဗိုလ်မှူးကြီး ညွန့်ဆွေအပါအဝင် အမှတ် (၇၇) ခြေမြန် တပ်မဌာနချုပ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိအရာခံ အကြပ်စစ်သည်တို့၏ အောင်ပွဲဖြစ်သည်။

ထိုနည်းတူစွာ မင်းရန်အောင်စစ်ဆင်ရေး၏ အောင်ပွဲ၊ တပ်မတော်အောင်ပွဲလည်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံ၏နယ်မြေအစိတ်အပိုင်း တစ်ခုတလေကိုမျှ အထိအခိုက်မခံ၊ ပြိုကွဲမခံရလေအောင် အသက်နှင့်ရင်း၍ ကာကွယ်စောင့်ရှောက်ခဲ့သော အစဉ်အလာကို မော်ဖဒေသတိုက်ပွဲဖြစ်စဉ်များတွင် ထင်ရှားစွာတွေ့မြင်ခဲ့ရသည်။

ယနေ့အချိန်၌လည်း တပ်မတော်သည် ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ထာဝရတည်ငြိမ်အေးချမ်းရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါကြောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော စိန်ရတုလွတ်လပ်ရေးနေ့ကို ဦးညွှတ်ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 7 Lesson 3: Who is the tallest?

I. Complete the sentences with the words given below.

**tallest youngest cleverest**
**fattest shortest**

1. My brother is the ___________ in my family. He is only three years old now.
2. Kyaw Kyaw is the __________ of the two friends. He always stands first in the class.
3. What is the _________ building in your town?
4. Aung Khaing is the ________ boy in our street. He is a big eater.
5. Hnin Hnin is the ________ girl in our class. She is only 4 feet.

**II. Change the positive degree into comparative and superlative ones.**

| Positive | Comparative | Superlative |
|---|---|---|
| 1. young | ________ | the ________ |
| 2. old | ________ | the ________ |
| 3. good | ________ | the ________ |
| 4. large | ________ | the________ |
| 5. early | ________ | the________ |
| 6. cold | ________ | the ________ |
| 7. new | ________ | the ________ |
| 8. fast | ________ | the ________ |
| 9. interesting | ________ | the ________ |
| 10. heavy | ________ | the ________ |

**III. Fill in the gaps with the comparative form of the adjectives given.**

**e.g. (clever) Ma Ma is clever than her sister.**

1. (heavy) A rock is _______ than a leaf.
2. (big) Our house is ________ than yours.
3. (beautiful) The princess is ________ than the witch.
4. (good) Ko Ko is a _________ student than Kyaw Kyaw.
5. (safe) Bicycles are _________ than motorbikes.
6. (hot) May is __________ than January.
7. (dangerous) A lion is _________ than a cat.
8. (happy) Zaw Zaw is __________ than Thaw Thaw.
9. (expensive) Computers are _________ than telephones.
10. (boring) I think golf is __________________ than football.

**IV. Fill in the gaps with the superlative form of the adjectives given.**

1. (large) It is the _________ house in this street.
2. (bad) His handwriting is the _________ among the students.
3. (clever) Swe Swe is the ________ student in the class.
4. (popular) Chaw Chaw is the _________ girl in our school.
5. (good) Soe Gyi is the ________ player in the football team.
6. (heavy) Elephants are the _________ animals.
7. (big) Our school is the _________ in our town.
8. (thin) Su May is the ________ girl in the class.
9. (intelligent) Yu Yu is the _________ student in our class.
10. (talkative) Nyi Nyi is the ________ boy in the class.

**V. Fill in the gaps with the comparative or the superlative form of the adjectives given.**

1. (exciting) This is the __________ film I have ever seen.
2. (noisy) Tun Tun is _________ than his brother.
3. (pretty) Thuzar is ___________ than her sister.
4. (safe) We are ________ here than there.
5. (expensive) I bought the ___________ present I could afford.
6. (slow) Trains are _________ than aeroplanes.
7. (cheap) Which is the _________ of all?
8. (many) There are ________ girls than boys in our class.
9. (comfortable) This armchair is _________ than the old one.
10. (young) Aung Aung is the ________ child in the family.

**VI. Rearrange the following.**

1. is / more / expensive / silver / Gold / . / than /
2. Ma Ma / taller / is / than / her sister / . /
3. Ko Ko / younger / me / than / is / . /
4. Swe Swe / thinner / than / is / Mu Mu / . /
5. is / more / This question / difficult / that question / than / . /

* * * * * * * * * * * *

Ans:

**Lesson 3: Who is the tallest?**

*I. 1. youngest 2. cleverest 3. tallest 4. fattest; 5. shortest*

*II. 1. younger, the youngest 2. older, the oldest 3. better, the best 4. larger, the largest 5. earlier, the earliest 6. colder, the coldest 7. newer, the newest 8. faster, the fastest 9. more interesting, the most interesting 10. heavier, the heaviest*

*III. 1. heavier; 2. bigger; 3. more beautiful; 4. better; 5. safer; 6. hotter; 7. more dangerous; 8. happier; 9. more expensive; 10. more boring;*

*IV. 1. largest; 2. worst; 3. cleverest; 4. most popular; 5. best; 6. heaviest; 7. biggest; 8. thinnest; 9. most intelligent; 10. most talkative;*

*V. 1. most exciting; 2. noisier; 3. prettier; 4. safer; 5. most expensive; 6. slower; 7. cheapest; 8. more; 9. more comfortable; 10. youngest;*

*VI. 1. Gold is more expensive than silver. 2. Ma Ma is taller than her sister. 3. Ko Ko is younger than me. 4. Swe Swe is thinner than Mu Mu. 5. This question is more difficult than that question.*

** * * * * * * * * * * *

## Grade 7

### Unit 5 Lesson: 3 Which sports and games do you prefer, indoor or outdoor?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. I challenged him to a game of c________.
2. This is a good g______ for children to play.
3. Bagan is f_______ for its thousands of pagodas.
4. There is an i_______ swimming pool in the flat.
5. They participated in the sporting e________s.
6. There are i_______ football matches today.
7. He is a p_______ boxer. He won many boxing matches.
8. I shall enter for the singing c________.
9. I play g_______ for relaxation.
10. Hunting is not allowed in the n________ park.

**II. Supply the correct form of the words given in brackets.**

1. (nation) We all love and respect our ________ flag.
2. (associate) The FIFA World Cup is an international ________ football competition.
3. (compete) He came first in the essay ________.
4. (swim) She wants to become an Olympic _________.
5. (football) The best way to be a great ________ is to play.
6. (golf) He was a great ________.
7. (cycle) A ________ is a person who rides a bicycle.

**III. Supply the correct form of the verbs given in brackets.**

1. (reduce) The number of staff ________ from 50 to 30.
2. (lose) I bought a watch and ________ it the next day.
3. (have) Have you ________ your lunch?
4. (win) My brother ________ the state lottery last month.
5. (meet) I ______ you there later.
6. (keep) You must _______ your room clean.
7. (learn) I ________ English since I was young.
8. (make) Don't _______ me buy everything the children want.
9. (do) He ________ homework when I got home yesterday.
10. (play) We ________ chess every Friday night.

### Grammar

**Must/ Have to**

**Must = ရမည်**

* မိမိရဲ့ စိတ်ဆန္ဒအရ မလုပ်မဖြစ် လုပ်ရတဲ့အခြေအနေကို ဖော်ပြတဲ့အခါ must ကို သုံးပါတယ်။

**Have to = ရသည်**

* အခြေအနေတစ်ခု၊ စည်းမျဉ်း ဥပဒေ ကန့်သတ်ချက်တစ်ခုခုကြောင့် မလုပ်မဖြစ် လိုက်နာလုပ်ဆောင်ရတဲ့သဘောကို ဖော်ပြတဲ့အခါ have to ကို သုံးပါတယ်။

**(A) Fill in the blanks with Must or Have to.**

1. I'm tired. I _______ take a rest.
2. Maung Maung _______ go to school on Saturdays.
3. We _______ get another dog soon.
4. This is a great book. You ________ read it.
5. A good citizen ________ obey the rules.
6. We _______ go to London for meeting.
7. I think we ________ pay in advance.
8. You really ________ visit us soon.
9. I _______ give up smoking.
10. I ________ give up smoking—that's doctor's order.

**(B)Choose Must or Mustn't.**

1. You ______ get lots of exercise.
2. You ______ smoke cigarettes.
3. You _______ have some good friends.
4. You ______ relax sometimes.
5. You _______ sleep all day.
6. You _______ eat lots of vegetables.
7. You ______ get angry easily.
8. You _______ watch too many hours of TV.
9. You _______ get enough sleep.
10. You _______ drink lots of water.

**(C) Choose Mustn't or Don't have to.**

**(Mustn't လုပ်ဖို့ခွင့်မပြု။ don't have to လုပ်ဖို့မလိုအပ်။)**

e.g. You don't have to have a pet dog.

e.g. You mustn't get to class late.

1. You _______ leave toys on the floor.
2. You _______ play tennis.
3. You _______ forget your airplane ticket.
4. You ________ go to bed at nine o'clock.
5. You _______ become rich and famous.
6. You _______ watch TV all day.
7. You _______ get too close to a lion.
8. You ______ swim at a beach.
9. You ______ eat apples.
10. You ______ cheat on exams.

* * * * * * * * * * * *

Ans:

**Lesson: 3 Which sports and games do you prefer, indoor or outdoor?**

*I. 1. chess; 2. game; 3. famous; 4. indoor; 5. events; 6. international; 7. professional; 8.competition; 9. golf; 10. national;*

*II. 1. national; 2. association; 3. competition; 4. swimmer; 5. footballer; 6. golfer; 7. cyclist;*

*III. 1. was reduced; 2. lost; 3. had; 4. won; 5. met; 6. keep; 7. have learned; 8. make; 9. wasdoing; 10. play;*

**Grammar**

**Must/ Have to**

*(A) 1. must; 2. have to; 3. must; 4. must; 5. have to; 6. must; 7. must; 8. must; 9. must; 10. have to;*

*(B) 1. must; 2. mustn't; 3. must; 4. must; 5. mustn't; 6. must; 7. mustn't; 8. mustn't; 9. must; 10.must;*

*(C) 1. mustn't; 2. don't have to; 3. mustn't; 4. don't have to; 5. don't have to; 6. mustn't; 7. mustn't; 8. don't have to; 9. don't have to; 10. mustn't;*

* * * * * * * * * * * *

## Grade 8

### Lesson 3: Which is a better resort?

**I. Complete the sentences with the comparative forms of the adjective in brackets.**

1. Sharks are ________________ (dangerous) than lions.
2. Zaw Gyi is _______________ (selfish) than his brother Ko Ko.
3. He is ______________ (fat) than he used to be last year.
4. Our town is ________________ (attractive) than his.
5. Your house is ______________ (beautiful) than mine.
6. I think that English films are ______________ (interesting) than American ones.
7. Soe Soe can run _______________ (fast) than Moe Moe.
8. Exercise 20 is ____________ (easy) than exercise 21.
9. "Prevention is ____________ (good) than cure."
10. At home, mother is always ______________ (busy) than father.

**II. Choose and underline the correct answer.**

1. My sister is three years ____________ (old / older / more old) than me.
2. Cars are ______________ (expensive / more expensive / very expensive / expensiver) than bicycles.
3. Rats are ____________ (bigger / big / more big/ very big) than mice.
4. Our school is much _______________ (bigger / big / more big/ very big) than theirs.
5. Old films are usually ____________ (short / shorter / shortest / more short) than modern films.
6. Durians are _____________ (sweet / sweeter / sweetest / more sweet) than strawberries.
7. My brother is 30 and I am 35. I am older _______________ (than him / than he / as he / as him).
8. My brother weighs 85 kilos. I weigh 80. He is ____________ (heavy than me / heavier than me / as heavier me / as heavy me).

**III.Choose the correct answer: (fewer or less)**

1. Water has ____________ (fewer / less) calories than milk has.
2. The doctor advised the kid to eat ____________ (fewer / less) sweets and drink ____________ (fewer / less) soda to lose weight.
3. There are ____________ (fewer / less) cars on the roads in this small town.
4. He did ____________ (fewer / less) exercises than he should have than.
5. She has much ____________ (fewer / less) patience than her husband.
6. I have ____________ (fewer / less) money to spend on buying clothes than my sister has.
7. He wants to make ____________ (fewer / less) business trips as he has become seriously ill.
8. She has ____________ (fewer / less) time to finish the job.
9. The students have ____________ (fewer / less) days to finish the project.
10. Sule Shangri-La Hotel has ____________ (fewer / less) rooms than the Strand Hotel.

**IV. Choose the correct answer: (a few or a little)**

1. There are only ________________ (a few or a little) bananas left in the box.
2. We need ________________ (a few or a little) butter for this cake.
3. The teacher gives us ________________ (a few or a little) time to prepare before a test.
4. There are only ________________ (a few or a little) days left to hand in the reports.
5. I bought ________________ (a few or a little) apples in this shop.
6. We saw ________________ (a few or a little) people at the bus stop.
7. Could I have ________________ (a few or a little) milk in my coffee, please?
8. Look! There are ________________ (a few or a little) mice on the roof.

**V. Read the sentences below and write "True" or "False".**

1. April is colder than June. 1. ______________
2. February is shorter than March. 2. ______________
3. A plane is more expensive than a car. 3. ______________
4. A dog is bigger than an elephant. 4. ______________
5. Mount Everest is higher than Mount Popa. 5. ______________
6. Your teacher is older than you. 6. ______________
7. Dogs are friendlier than tigers. 7. ______________
8. Snow White is more beautiful than her stepmother. 8. ______________
9. A village is smaller than a city. 9. ______________
10. Trains are more comfortable than planes. 10. ______________
11. Lakes are bigger than oceans. 11. ______________
12. An mp3 player is cheaper than a laptop. 12. ______________
13. Sending letters is easier and faster than sending e-mails. 13. ______________

**************

*Ans: Lesson 3: Which is a better resort?*

*I. 1. more dangerous; 2. more selfish; 3. fatter; 4. more attractive; 5. more beautiful; 6. more interesting; 7. faster; 8. easier; 9. better; 10. busier;*

*II. 1. older; 2. more expensive; 3. bigger; 4. bigger; 5. shorter; 6. sweeter; 7. than him; 8. heavier han me;*

*III. 1. fewer; 2. fewer, less; 3. fewer; 4. fewer; 5. less; 6. less; 7. fewer; 8. less; 9. fewer; 10. fewer;*

*IV. 1. a few; 2. a lettle; 3. a little; 4. a few; 5. a few; 6. a few; 7. a little; 8. a few;*

*V. 1. False; 2. True; 3. True; 4. False; 5. True; 6. True; 7. True; 8. True; 9. True; 10. True; 11. False; 12. False; 13. False;*

*************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson–9 The Greatest Inventor နှင့် Lesson 10 The Olympic Games သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 11: The Brave Dog နှင့်သက်ဆိုင်သည့် မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 11: The Brave Dog

**I. Supply the suitable word in each sentence.**

1. A w_____ is a large wild animal of the dog family.
2. A h_____ is a person who hunts animals for food.
3. Most male d_____ have horns shaped like branches.
4. Unity is s_____.
5. We should donate b_____ at blood banks.
6. Daw Lay was carrying an i____ in her arms.
7. Ko Maung is very f____. He has many friends.
8. Rains fill us with j____.
9. He died of a stab w_____.
10. She expressed her s____ when she heard the bad news.

**II. Supply the correct form of the words given in brackets.**

1. (joy) Christmas is a _____ occasion for children.
2. (die) My pet dog was burnt to ____ in the fire.
3. (angry) His voice trembled with ____.
4. (blood) A ____ knife was found in the bush.
5. (faith) U Ba worked in this company ____.
6. (courage) I have no _____ to sing on the stage.
7. (equal) Diet and exercise are _____ important.
8. (sleep) I'm always _____ after lunch.
9. (manage) We should have time _____.
10. (miss) They are searching for the ____ child.

**III. Supply the correct form of the verb given in brackets.**

1. (wake) I always ___ at 5 o'clock in the morning.
2. (travel) Father usually ___ to work by train.
3. (bleed) Don't touch my hand. The cut is _____.
4. (lick) Look! The baby ____ the honey off the spoon.
5. (crash) The two trains ____ in Japan, killing 40 people.
6. (spring) The tiger ____ on the deer and killed it.
7. (waste) We mustn't ____ our energy resources.
8. (manage) She always ____ her time.
9. (bury) I ___ the dead dog here.
10. (crawl) My son ___ on the floor when we came back.

**IV. Answer the following questions.**

1. Where did the Prince build the tomb?
2. Why did the Prince cry out in sorrow?
3. What did the Prince do for his brave dog?
4. What kind of dog belonged to the Prince?
5. What did the Prince do before going out to hunt deer?

*Ans: I. 1. wolf; 2. hunter; 3. deer; 4. strength; 5. blood; 6. infant; 7. friendly; 8. joy; 9. wound; 10. sorrow;*

*II.1. joyful; 2. death; 3. anger; 4. bloody; 5. faithfully; 6. courage; 7. equally; 8. sleepy; 9. management; 10. missing;*

*III. 1. wake; 2. travels; 3. bleeding; 4. is licking; 5. crashed; 6. sprang; 7. waste; 8. manages; 9. buried; 10. was crawling;*

*IV. 1. The Prince built the tomb over the place where his brave dog was buried.*
*2. The Prince cried out in sorrow because he had killed his faithful dog.*
*3. The Prince built a tomb for his brave dog.*
*4. A faithful dog belonged to the Prince.*
*5. The Prince told his trusted dog to take care of his baby son before going out to hunt deer.*

++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇန်နဝါရီ ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ AFF Cup ပြိုင်ပွဲမှ**

အင်ဒိုနီးရှားအသင်းသည် အိမ်ကွင်းတွင် ပရိသတ် ၅၀၀၀၀ နီးပါး၏ တစ်ခဲနက်အားပေးမှုကြောင့် အနိုင်ရရန်ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ပထမဆုံးချန်ပီယံဆု မျှော်လင့်ချက်အတွက် ဒုတိယအကျော့ အဝေးကွင်းတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ဒုတိယအကျော့ကို ဇန်နဝါရီ ၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ် ပထမအကျော့(ဒုတိယနေ့)အဖြစ် ဇန်နဝါရီ ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – AFF**

---


**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁၅/၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)**

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်–
(က) စက်နှင့်စက်အရန်ပစ္စည်းများ
Drum for Lube Plant
(ခ) ဓာတုဗေဒပစ္စည်းများ
(၁) Antifoam Agent,Ultra Coolant Oil
(၂) Ammonia Converter Catalyst
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် –၁၀-၁-၂၀၂၃ရက်
၃။ တင်ဒါပိတ်မည့်ရက်/အချိန်
အမှတ်စဉ်(က) ၊(ခ)(၁)အိတ်ဖွင့်တင်ဒါများ –၂၄-၁-၂၀၂၃ရက်၊ ၁၂:၀၀နာရီ
အမှတ်စဉ်(ခ)(၂)အိတ်ဖွင့်တင်ဒါ –၁၀-၂-၂၀၂၃ရက်၊ ၁၂:၀၀နာရီ
၄။ တင်ဒါပိတ်မည့်နေရာ – စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။
၅။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁-၂၀၂၃ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ သန်လျင်မြို့တွင်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း–၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၅၆၊ရေလဲအထက်ကွင်း)၊ ဦးပိုင်အမှတ်(၈၁)၊ဧရိယာ(၀.၀၈)ဧကရှိမြေအား မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာနေ ဦးရင်ထွေး[၁၄/ကလန(နိုင်)၀၇၄၃၇၂]မှ မြေငှားဂရန်အသစ်လျှောက်ထားရန်အတွက် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာရင်း(၁-ခ)၊ မအူပင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏စာချုပ်အမှတ်(၁၂/၁၉၇၆)၊မြို့နယ်တရားရုံး ကျမ်းကျိန်လွှာ၊ ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**



**ဦးမြင့်အောင်[၁၂/ရပသ(နိုင်)၀၇၈၇၄၇]နှင့် အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မြစံပယ်လမ်း၊ ပန်းခြံ(၇)၊ အမှတ်(၂၆၉/ခ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရှီသာ(ခ)ဂျာဘီး[၁၂/ဗဟန(နိုင်)၀၀၀၁၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်အောင်နှင့် ဒေါ်ရှီသာ(ခ) ဂျာဘီးတို့သည် (၁၁-၅-၁၉၉၆)ခုနှစ်တွင် နေကာဟ်ဖတ်ပြီး ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။

အိမ်ထောင်ကျစဉ်တွင် ဒေါ်ရှီသာ(ခ) ဂျာဘီးထံမှ ပါလာသောငွေကြေးများဖြင့် ကြည့်မြင်တိုင်စံပြဈေးရှိ ငါးဒိုင်ကို ဝယ်ယူပြီး လင်မယားနှစ်ဦးအတူလုပ်ကိုင်ခဲ့ပါသည်။ ၎င်းအပြင် ဒေါ်ရှီသာ(ခ) ဂျာဘီးသည် ရွှေပြည်သာမြို့နယ်ရှိ အမိုးကြီးဈေးတွင် အထည်များရောင်းချခြင်း၊ အအေးများရောင်းချခြင်းစသည်ဖြင့် စီးပွားရှာဖွေခဲ့ရာ အောက်ဖော်ပြပါ မြေကွက်များနှင့် အိမ်များကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းတို့မှာ–
(၁) အမှတ်–၄၄၂ (ခ)ရွှေပြည်သာမြို့နယ်၊ မြစံပယ်လမ်း၊ ပန်းခြံ(၇)၊ မြေတိုင်း(၂)၊ (၉)ရပ်ကွက်၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)။
(၂) အမှတ်–၃၉၉(က) (ခ)၊ ရွှေပြည်သာမြို့နယ်၊ စိန်စီဂုဏ်ရောင်လမ်း၊ ပန်းခြံ(၆)၊ မြေတိုင်း(၂)၊ (၉)ရပ်ကွက်၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)။
(၃) အမှတ်–၄၀၉(ခ)၊ ရွှေပြည်သာမြို့နယ်၊ စိန်စီဂုဏ်ရောင်လမ်း၊ မြေတိုင်း(၂)၊ (၉)ရပ်ကွက်၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)။
(၄) အမှတ်–၅၄၁(က)၊ ရွှေပြည်သာမြို့နယ်၊ ပိတောက်မြိုင်လမ်း၊ ပန်းခြံ(၃)၊ မြေတိုင်း(၂)၊ (၉)ရပ်ကွက်၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)တို့ဖြစ်ကြပါသည်။

ဦးမြင့်အောင်မှ တရားလိုပြုလုပ်ပြီး ၂၀၁၈ ခုနှစ်တွင် ဒေါ်ရှီသာ(ခ) ဂျာဘီးအား ရွှေပြည်သာမြို့နယ်တရားရုံး၌ ရာဇဝတ်ကြီးအမှုအမှတ်–၁၆၆၈၊ တစ်လင်တစ်မယားဥပဒေပုဒ်မ(၁၃)ဖြင့် တရားစွဲဆိုခဲ့ပါသည်။

ရွှေပြည်သာမြို့နယ်တရားရုံးမှ (၃၀-၁၁-၂၀၂၂)ရက်တွင် ဒေါ်ရှီသာ(ခ) ဂျာဘီးအား တစ်လင်တစ်မယားဥပဒေပုဒ်မ(၁၃) အား ဖောက်ဖျက်ကျူးလွန်ကြောင်း မတွေ့ရှိရသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ–၂၅၈(၁)အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပါသည်။

ဒေါ်ရှီသာ(ခ) ဂျာဘီး၏ ရှာဖွေစုဆောင်းမှုဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် အဆိုပါမြေကွက်နှင့် အိမ်များအားလုံးကို ၎င်း၏သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းထားခြင်း၊ အခြားတစ်ခုခုဖြင့် လွှဲပြောင်းခြင်းများကို ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ဒေါ်ရှီသာ(ခ) ဂျာဘီး၏သဘောတူခွင့်ပြုချက်မရရှိဘဲ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၅၀၀)**
**အမှတ်(၄၃)၊ ဓမ္မစိန္တာလမ်း၊ ပထမထပ်၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၄၂၀၁၉၇၀၆၀**


**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**


**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၈၊ မြေကွက်အမှတ် ၂၆၊ မြေကွက်တည်နေရာအမှတ်–၂၆၊ မန္တလေးလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှစော (ISN–388898) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ဖခင်)ဦးလှစောနှင့် (မိခင်) ဒေါ်သန်းသန်းအေးတို့ အသီးသီးကွယ်လွန်ခဲ့ကြပြီး (ဖခင်) ဦးလှစောနှင့်(မိခင်) ဒေါ်သန်းသန်းအေးတို့မှ ဒေါ်စပယ်ဖြူ [၁၂/ဒဂမ(နိုင်)၀၀၀၇၃၁]၊ ဒေါ်သဇင်မွန်[၁၂/မရက(နိုင်)၀၄၀၄၅၁]၊ ဒေါ်ထက်ထက်လင်း [၁၂/ဒဂမ(နိုင်)၀၁၁၆၈၂]၊ ဦးဇေယျာထွန်း[၁၂/ဒဂမ(နိုင်)၀၂၆၉၅၄]တို့ (၄)ဦးသာလျှင် မွေးဖွားခဲ့ပြီး ၎င်းတို့(၄)ဦးမှလွဲ၍ အခြားအမွေစား၊ အမွေခံကိတ္တိမသား၊ သမီး တစ်ဦးတစ်ယောက်မျှမကျန်ရှိကြောင်း၊ ၎င်းတို့(၄)ဦးသာလျှင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးလှစော၏ သေဆုံးမှုလက်မှတ်(မိခင်)ဒေါ်သန်းသန်းအေး၏ သေဆုံးမှုလက်မှတ် (ပထမ–မိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်း နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး(Portion)(၄)ပုံ(၂)ချပ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်–၄၅၄/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၄၅၄/ခ)၊ နီလာ(၄)လမ်း၊ (၇)ရပ်ကွက် ဦးမြတ်ကြွယ်[၁၂/ဥကမ(နိုင်)၀၀၆၉၃၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်– ဦးမြတ်ကြွယ်(ဖခင်)သည် (၁၂-၁၀-၂၀၀၇) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ထွေးကြိုင် (မိခင်)သည် (၃၀-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ဝင်းမြတ်မြတ်ထွေး [၁၂/ဥကမ(နိုင်)၁၇၇၇၁၅]၊ ဦးမြတ်ကိုကိုဟန် [၁၂/ဥကမ(နိုင်)၁၇၉၈၁၉]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့်သား/သမီးများ တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၆/၂၈၅၈/၂၀၂၂ (၂၄-၆-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**(၄-၁-၂၀၂၃)ရက်စွဲပါ ဦးသန်းဇော်မြင့် [၁၂/သကတ(နိုင်)၁၀၉၁၃၂] ကိုင်ဆောင်သူ Royal Tiger Construction Company ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသော်တာစိုး (စဉ်–၄၁၁၆)၊ ဒေါ်ဇင်မာမြင့်အောင် (စဉ်–၁၆၁၁၃)၊ ဒေါ်ဝါဝါထွန်း (စဉ်–၁၆၀၆၃) တရားလွှတ်တော်ရှေ့နေတို့၏ ကြော်ငြာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင့်တင့်လွင် [၁၂/ကမရ(နိုင်)၀၀၁၂၃၈] Tint Tint Myanmar Group of Company ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင့်တင့်လွင်သည် ဦးသန်းဇော်မြင့်အား Royal Tiger Construction Company ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် သိရှိခဲ့ခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေမှ ယခင်က ဦးသန်းဇော်မြင့်ဆိုသူအား ဦးကျော်ဆွေ Famous Group Company ၏ ဝန်ထမ်းအနေဖြင့်သာ သိရှိခဲ့ခြင်းဖြစ်ပါသည်။ Famous Group Company နှင့် ပတ်သက်၍ ဦးသန်းဇော်မြင့်နှင့် ချုပ်ဆိုခဲ့သည့် စာချုပ်စာတမ်းများအားလည်း (၂၅-၈-၂၀၂၂)ရက်နေ့တွင် ရှင်းလင်းကာ ငွေကြေးအပြီးအပြတ်ပေးအပ်ထားပြီးကြောင်း အထောက်အထားများ ကျွန်ုပ်၏မိတ်ဆွေထံတွင် ရှိကြောင်း သိရှိရပါသည်။

လူကြီးမင်းတို့ဘက်မှ ရပိုင်ခွင့်ရှိသည်ဆိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများ ယူဆောင်၍ ကုမ္ပဏီ၏ CFO ထံသို့ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်စာရင်းရှင်းလင်းနိုင်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စမ်းချောင်းမြို့နယ်ရဲစခန်း၌ ဦးကျော်ဆွေနှင့် အပေါင်းအပါ (၅)ဦးတို့အား (ပ-၃၅၉/၂၀၂၂)၊ ရာဇသတ်ကြီးပုဒ်မ– ၃၅၄/၃၄၂/၅၀၆/၁၁၄ ဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ထားဆဲဖြစ်သည့်အပေါ် ယခုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ – | |
|---|---|---|
| ဒေါ်တင့်တင့်လွင် | ဒေါ်ခင်လှဲ့ဝေ (LL.B, D.B.L) | ဒေါ်စန္ဒာစိုး (LL.B) |
| [၁၂/ကမရ(နိုင်)၀၀၁၂၃၈] | (စဉ်–၁၃၂၉၁) | (စဉ်–၈၅၃၇) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– ၅၅၊ အခန်း(၁၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉-၄၃၀၉၅၃၂၀**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ခြင်းဂုဏ်ပြုလွှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)ဖြင့် ၄-၁-၂၀၂၃ရက် (လွတ်လပ်ရေးနေ့)တွင် **ဒေါက်တာခင်မောင်ထွန်း** အမှတ် (၁၁၇/၂)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား **အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်** ကိုထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

**ဇေယျာသိဒ္ဓိကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များ**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)ဖြင့် ၄-၁-၂၀၂၃ရက် (လွတ်လပ်ရေးနေ့)တွင် **ဒေါ်ဥမ္မာသန်း** အမှတ်(၁၁၇/၂)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား **သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

**ဇေယျာသိဒ္ဓိကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များ**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇C(သမိုင်းကွင်း)၊ မြေကွက်အမှတ်-၄၄၊ အကျယ်အဝန်း (ပေ၁၀၀x၅၅ပေ)ရှိ မြေကွက်၊ မြေကွက်လိပ်စာအမှတ်-၁၉/၁၁၂(အကွက်အမှတ်-၁၄)၊ ရတနာပုံကျောင်းလမ်း (ဝိဇ္ဇာလမ်းသွယ်)၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်၊ ယင်းမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားပိုင်ခွင့်နှင့်ပတ်သက်၍-**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ မြေကွက်နှင့်အကျိုးခံစားခွင့်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဆွေမာသင်း [၉/မရမ(နိုင်)၀၄၆၉၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၅၇)**

**ဦးနိုင်ထွဋ်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း-ရောင်း၊ ဝယ်၊ ငှားစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၃၅၇၊ ၀၉-၇၈၅၅၀၆၁၃၅၇**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၅၀၂၊ မြေကွက်တည်နေရာအမှတ်-၅၀၂၊ မြတ်မင်္ဂလာလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်စမ်းမြင့် CG-053168)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်စမ်းမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၈၆၄၂/၂၀၂၂(၃၀-၁၁-၂၀၂၂)ဖြင့် မြေကွက်အမှတ်-၅၀၂၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့် (ခြေရင်းခြမ်း) (၂၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်အား ဝယ်ယူသူ ဒေါ်မေသန်းထွေး[၁၂/ဥကတ(နိုင်)၁၃၁၄၆၀]မှ အရောင်းအဝယ်စာချုပ် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်း မြေပုံလျှောက်ထားလာရာတွင် (ခေါင်းရင်းခြမ်း) (၂၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်မြင့်မှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရခြင်း မရှိသေးသဖြင့် ဆောင်ရွက်လိုခြင်းမရှိကြောင်း ပြောကြားလာသဖြင့် တစ်ဖက်သတ်လျှောက်ထားခြင်းဖြစ်ကြောင်း ၆-၁၂-၂၀၂၂ ရက်စွဲပါ၌ာနဝင်စာအမှတ်-၁၁၇၇၃ဖြင့် ဒေါ်မေသန်းထွေးမှ တင်ပြလာသဖြင့် တစ်ဖက်သတ်မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်းမြေပုံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄/ကံဘဲ့၊ မြေကွက်အမှတ် ၇/၃၀၊ ဧရိယာ ၀.၀၅၇ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၁၇)၊ ဝါယာလက်(၃)လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးချစ်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးချစ်ဝင်း (ဖခင်/အဘိုး)သည် (၁၂-၁၀-၁၉၉၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ထွေးကြည်(မိခင်/အဘွား) သည် (၂၄-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးလှိုင်ချစ်သည် ဖခင်ဖြစ်သူ ဦးချစ်ဝင်းထက်စော၍ (၂-၇-၁၉၈၄)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ကျန်သားသမီးများဖြစ်ကြသည့် ဒေါ်ခင်ခင်လှ(၁၂/မရက(နိုင်)၀၆၆ရ၈၅)၊ ဦးငွေရ (၁၂/မရက(နိုင်)၀ရ၆၂၂၁)၊ ဦးရွှေရ(၁၂/မရက(နိုင်)၀ရ၆၂၂၈)၊ ဦးစိန်ရ(၁၂/မရက(နိုင်)၀၃ရ၄၀၅)၊ ဒေါ်ခင်ခင်ဝင်း (၁၂/ဥကမ(နိုင်)၀၆ရ၄၆၆)၊ ဦးသောင်းဟန်(၁၂/မရက(နိုင်)၀ရ၆၃၃၈)နှင့် (ဦးလှိုင်ချစ်၏ သား/သမီး)ဦးနိုတာလှိုင် (၁၂/ဥကမ(နိုင်)၁၆၆၆၄၄)၊ ဒေါ်ကြေးမုံလှိုင် (၁၂/ဥကတ(နိုင်)၁၅၁၄၂၆)(အမွေမပိုမြေးများ)မှ (ဖခင်/အဘိုး)နှင့် (မိခင်/အဘွား)တို့အသီးသီးကွယ်လွန်ပြီး ကျန်ရစ်သူ သားသမီး(၆)ဦးနှင့် အမွေမပိုမြေး(၂)ဦးမှလွဲ၍ အခြားခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည့်အပြင် အခြားကိတ္တိမမွေးစားသားသမီးများလည်းမရှိသည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ သေစာရင်းမိတ္တူမှန်တောင်းခံစာ၊ နှစ်(၆၀) မြေငှားဂရန်၊ အိမ်ထောင်စုစာရင်း၊ မြေစာရင်းရှိ ၁၉၉၆ ခုနှစ် ဦးချစ်ဝင်းမှ မြေပုံကူးလျှောက်မှတ်ချက်နှင့်ပတ်သက်၍ ဦးချစ်ဝင်းမကွယ်လွန်မီခင် အဆိုပါ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်ရန်အတွက် ၁၉၉၆ ခုနှစ်က မြေပုံကူးလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်းရှင်းလင်းစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )**
**ကမာရွတ်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၄**

| | | |
|---|---|---|
| MYANMAR BAWGA CO.,LTD<br>(ကုမ္ပဏီ၏ကိုယ်စားဦးစောဂေးထူး) | နှင့် | ဦးကျော်တိုးဆန်း<br>(ရွှေထူးထူးဟိဏ်း)<br>စိုက်ပျိုးရေးသုံး<br>ပစ္စည်းရောင်းဝယ်ရေး |
| **(တရားလို)** | | **(တရားပြိုင်)** |

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ မုံရွာ-မန္တလေးကားလမ်းဘေး၊ ကျန်စစ်သားရပ်၊ အမှတ်(၁၂၃)နေ တရားပြိုင် ဦးကျော်တိုးဆန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကုန်ပစ္စည်းဖိုးအကြွေးငွေ"** ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်(၁၃၈၄ခုနှစ်၊ တပို့တွဲ လဆန်း ၇ ရက်) နေ့ မွန်းမတည့်မီ ၁၁နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဖြူခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကမာရွတ်ခရိုင်တရားရုံး**

သစ် တော မှန် လျှင် အ သုံး ဝင်၊ အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ အလင်းရောင်လမ်း၊ အမှတ်-၈၃၊ ၂ ခန်းတွဲ ၃½ထပ်တိုက်၏ (မြေညီထပ်/ဘီ)ဖြစ်သော ဧရိယာ (၁၂½'x ၅၀') အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဘေးကပ်လျက်ရှိသော (၁၀)ပေအကျယ်ရှိ ဆိုင်ခန်း(၁)ခန်းတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါ တိုက်ခန်း၊ ဆိုင်ခန်းတို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ခင်သိန်း [၁၂/ဒပန(နိုင်)၁၁၁၇၅၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း၊ ဆိုင်ခန်းတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆုမြတ်မွန် (LL.B,D.B.L,D.I.L)** | **ဒေါ်သူဇာထွေး (LL.B,WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈)** |

**အမှတ်-၁၀/၁၂၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၄၅၄၃၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ် (၅၀၉)၊ အကျယ်အဝန်း (၄၀'x ၆၀') မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးမြင့် (MGE-140282) အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ရီရီလင်း [၁၂/မဂတ(နိုင်)၀၃၈၇၈၆]မှ တရားဝင် ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်သည်။

**ဦးဝေဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဒေဝီ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)။ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ သဇင်လမ်း၊ မြေကွက်အမှတ်(၉၆၆)၊ အကျယ်အဝန်း (၄၀'x ၆၀') မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်ကြည် (T/RGN-004437) အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်း မူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ထွန်း [၁၂/ဥကတ(နိုင်)၁၃၄၅၅၄]မှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်သည်။

**ဒေါ်စိုးစန္ဒာသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒေဝီ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)။ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ တိုးချဲ့ပေါက်တော၊ ဘုရင့်နောင်ရိပ်သာ (၅)လမ်း၊ အမှတ်-(၁၄၂)၊ ဧရိယာ (၀.၀၆၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြ[၁၂/အလန(နိုင်)၀၁၉၀၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သဇင်ကျော် [၁၂/အစန(နိုင်)၂၁၈၃၂၆]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၈၄၈)**
**ထွန်းသစ္စာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊**
**အမှတ်(၅၃-စီ)၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၃၀၈၀၉၉၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (၁/န)ရိပ်သာတိုးချဲ့ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၃၃၇)လက်ငုတ်အမည်ပေါက် ဦးမြင့်ဆွေ(HGU-၁၀၆၇၆၉)ထံမှ ဦးသောင်းဝင်း ဝယ်ယူပြီး ဦးသောင်းဝင်းထံမှ ကျွန်တော် ဦးသက်နိုင်အောင် [၁၂/ရပသ(နိုင်)၀၇၈၉၂၁]ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ် အပြီးအပိုင်စာချုပ်ဖြင့် တရားဝင်ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်းမရှိပါ။ ကျူးကျော်နေထိုင်သူများနှင့် ကန့်ကွက်လိုသူများရှိပါကလည်း ကြေညာသည့်နေ့မှစ၍(၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံ (မူရင်း)ဖြင့် အောက်ပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်အောင်**
**ဖုန်း-၀၉-၇၈၀၈၅၂၈၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ (၂၄)ခန်းတွဲ(၁၄)ထပ်ရှိ တိုက်အမှတ် (C-2)၊အခန်းအမှတ် (A-201)၊ ဒုတိယထပ်၊ အကျယ်အဝန်းဧရိယာ(၆၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁) ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ပြီးသော ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်စာအုပ်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်ကြသော ၁။ဦးလှမြင့်[၁၂/လမန(နိုင်)၀၈၈၂၇၁]၊ ၂။ဒေါ်သန်းသန်းမြ[၁၂/ဥကတ(နိုင်)၁၀၉၄၆၆]၊ ၃။ဦးဇော်လင်း(ခ)ဦးကိုကို [၁၂/ဗတထ(နိုင်)၀၁၆၂၄၃]တို့ထံမှ ဒေါ်ခိုင်ဇင်ဝင့် [၁၂/လသန(နိုင်)၀၁၉၇၅၉]သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၇ လမ်း၊ အမှတ် ၁၂ ဟုခေါ်တွင်သည့် ၂ ခန်းတွဲ၊ ၅ ထပ်တိုက်အဆောက်အဦရှိ ဒုတိယထပ်/A (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေ ၆လက်မ x ၄၅ပေ)ခန့်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ (မြေပိုင်ရှင်) ဒေါ်ခင်ရွှေလှ [၇/ပခတ(နိုင်)၀၁၁၀၇၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက်-C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၃)လမ်း၊ အမှတ် (၂၈)၊ ၃-လွှာ(ဝဲ)၊ တိုက်ခန်းအကျယ်အဝန်း(၁၂½ပေx၆၀ပေ)ရှိ တိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်လှလှရင်(ခ)ဒေါ်ရော်ဖီယိုနာရ် (MDW-၂၄၃၆၆၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)**
**တိုက်-၁၀/၁၂၊ အခန်း-၁၀၃(I)၊ ပထမထပ်၊ ၃၅လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၇၃၀၉၅၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကန်တော်အုပ်စု၊ တောင်ကံတော်ရွာနေ ဒေါ်ငွေးကြည် [၉/တသန(နိုင်)၁၀၉၆၂၄]၏ သမီးဖြစ်သူ မဆန်းစုကြည်(ဘ) ဦးလှိုင် [၉/တသန(နိုင်)၂၂၆၃၈၇]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားသူဖြစ်၍ ယနေ့မှစ၍ ၎င်းကို သွားနုတ္တာသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသာမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၁၀၁၉၁)**
**အမှတ်(၅၇၆)၊ ရွှေလီ(၆)လမ်း၊ (၈၁)ရပ်ကွက်၊**
**ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၄၂၈၁၅၈**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ(၇)လမ်း၊ မြေကွက်အမှတ် - ၁၂/ခ (၂၀' x ၆၀')အကျယ်ရှိ ဒေါ်မြင့်ကြည်အမည်ပေါက် ပါမစ်မြေကွက်အား ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဲစုလှိုင် (၁၂/ကခက (နိုင်) ၀၆၄၉၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သဲနုစံ (LL.B., D.BL., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ မြေကွက်အမှတ်(၂) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၄)ထပ်အဆောက်အဦတွင် တည်ရှိသည့် စတုတ္ထထပ်၊ ခေါင်းရင်းခန်း (အလျား ၁၂½ပေxအနံ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးလွင် [၁၂/ဒဂန(နိုင်)၀၀၀၃၄၈]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေအောင်[၁၂/ဥကတ(နိုင်)၁၅၀၈၂၉]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ် (စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B,D.B.L,D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO (Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **Ph:09-420080932, 09-977402677** |

## ရန်ကုန်စီးပွားရေးတက္ကသိုလ် MI မဟာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၃-၂၀၂၄)ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အာမခံလုပ်ငန်းဆိုင်ရာ မဟာဘွဲ့ (Master of Insurance-MI) သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါ မဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တစ်ပြိုင်တည်း တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) မဟာဘွဲ့သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့်လူတွေ့အကဲဖြတ်စစ်ဆေးခြင်း တို့ကို လူကိုယ်တိုင် လာရောက်ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(င) သင်တန်းအတွက် အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် လုပ်ငန်းခွင် အတွေ့အကြုံ လုပ်သက် အနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အခန်း(၂၀၆)တွင် (၁၀-၁-၂၀၂၃ မှ ၂၄-၁-၂၀၂၃အထိ) သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို (၂၉-၁-၂၀၂၃) တနင်္ဂနွေနေ့၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၌ ကျင်းပပါမည်။

၅။ သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် သတ်မှတ်အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ လက်ခံပါမည်။

၆။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ MI သင်တန်းအတွက် ဖုန်းအမှတ် ၀၁၇-၅၂၆၆၁၃(သင်တန်းရေးရာဌာန)၊ ၀၉-၄၄၂၆၃၁၈၉၈(ဝါဏိဇ္ဇဗေဒဌာန)တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ (Star City)၊ တိုက်အမှတ်(A-3)၊ အခန်းအမှတ်(306) ဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာအောင် [၁၃/တကန(နိုင်) ၁၈၈၈၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း [၁၂/ကတတ(နိုင်) ၀၀၀၅၅၃]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်သူဖြစ်ပါသည်။ ယခုအခါ ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အခြားသူတစ်ဦးထံသို့ ရောင်းချမည်ဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းမွန်(LL.B)(စဉ်-၁၆၄၄၇)**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ ဆ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးသန်းနိုင်အေးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်နုနုရီ[၁၂/အစန(နိုင်)၀၁၆၃၂၃]၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ- ဦးသန်းနိုင်အေး(ဘ) ဦးကျင်အေး[၁၂/ကတန(နိုင်)၀၀၃၅၈၂]သည် တရားဝင်ဇနီး ဒေါ်နုနုရီ(ဘ) ဦးဖြူလှအောင်နှင့် သား (၂)ဦးတို့အား ၂၀၁၃ ခုနှစ်မှစတင်၍ ဇနီးမယားနှင့် သားသမီးစရိတ် ထောက်ပံ့ခြင်း မပြုတော့ဘဲ ၎င်း၏ဆန္ဒသဘော အလျောက် မိသားစုနေထိုင်ရာနေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ဦးသန်းနိုင်အေးသည် ခွင့်လွှတ်၍မရနိုင်သော အိမ်ထောင်ရေး နှင့် လူမှုရေးအပြစ်များစွာကို နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့ပြီး ယခုအခါ မိသားစု ဂုဏ်သိက္ခာကျဆင်းစေမည့် လုပ်ရပ်များကိုပါ လုပ်ဆောင်လာခဲ့သောကြောင့် ၎င်းအား ခင်ပွန်းအဖြစ်မှ တရားဝင်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စရပ်များအားလုံး ဒေါ်နုနုရီတို့မိသားစုနှင့် လုံးဝပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း။

**ဒေါ်နုနုရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးနွေးအိ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၅၃)၊ မြေကွက်တည်နေရာအမှတ်(၅၃)၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်သန်းနွယ် (CI -၀၄၅၄၈၁)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ခင်သန်းနွယ် (မိခင်) နှင့် ဦးခင်ဇော်(ဖခင်) တို့ ကွယ်လွန်ခဲ့ကြသဖြင့် (၁)ဦးချမ်းအေးဇော်[၁၂/ပဇတ(နိုင်)၀၀၁၄၆၄]၊ (၂) ဦးဥက္ကာဇော်[၁၂/ပဇတ(နိုင်)၀၁၉၆၇၀] တို့မှ မိမိတို့ညီအစ်ကို (၂)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ မိမိတို့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေစားအမွေခံသားသမီးအဖြစ်တရားဝင်မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ မိမိတို့ (၂)ဦးသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊(မိခင်)ဒေါ်ခင်သန်းနွယ်၏ သေဆုံးမှုလက်မှတ်၊ (ဖခင်) ဦးခင်ဇော်၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေးစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်အင်မေ**

**အသက်( ၉၇ ) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ ဦးဗျိုင်း-ဒေါ်ငွေမှုံတို့၏သမီး၊ (ဒေါ်မြင့်မြင့်)၊ ဒေါ်စန်းစန်း၊ ဦးစိုးကြည်-ဒေါ်နွဲ့နွဲ့၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းအေး၊ ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)-ဒေါ်မြမြဝင်း၊ ဗိုလ်မှူးချုပ်ဌေးနိုင် (ငြိမ်း)-ဒေါ်ဝင်းဝင်း၊ ဦးသိန်းနိုင်-ဒေါ်သန်းသန်းအေး တို့၏ကျေးဇူးရှင်မိခင်ကြီး၊ (ဦးအုန်းမောင်)၏ချစ်ဇနီး ဒေါ်အင်မေသည် ၄-၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သဖြင့် ၆-၁-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီတွင် ပြွန်တန်ဆာမြို့၊ အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ဒုဗိုလ်မှူးကြီးမြတ်သင်း(ငြိမ်း)**

**အသက်(၈၇)နှစ်**

ဒုဗိုလ်မှူးကြီးမြတ်သင်း(ငြိမ်း) အသက်(၈၇) နှစ်သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။ **OTS 45 မှ တပည့်များ**

**ဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးသန်းထွဋ်အောင်(ငြိမ်း)**

**အသက်(၇၁)နှစ်**

မန္တလေးမြို့နေ ဒေါ်နွဲ့နွဲ့၏ခင်ပွန်း ဗိုလ်မှူးသန်းထွဋ်အောင်(ငြိမ်း)သည် ၃-၁-၂၀၂၃ရက်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၄)မှ သူငယ်ချင်းများ**

# ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမ သာသနာ့မိခင်ကြီး ဒေါ်ခင်ခင် နာမကျန်းဖြစ်နေစဉ် ဂရုတစိုက်ဆေးကုသပေးပါသော ARYU International Hospital မှ Chairman of Board ဦးနေလင်းဦး၊ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာကျော်သီဟစိုး (Nephrologist)၊ ဒေါက်တာဘုန်းမြင့် (Urologist)၊ ပါမောက္ခ ဦးရဲထွန်း (Chest Physician)၊ ပါမောက္ခ ဦးမြင့်စိုးဝင်း (Cardiologist)၊ ဒေါက်တာရှုမွန် (Oncologist)၊ ဒေါက်တာသီရိဘုန်းမြတ် (Nutritionist) နှင့် အခြားအထူးကုဆရာဝန်ကြီးများအားလုံး ၊ သူနာပြုဆရာ ၊ ဆရာမများ၊ Ward (7) မှ အဖွဲ့များ၊ ဝန်ထမ်းများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ မိခင်ကြီး ဆေးရုံတက်ကုသစဉ် လာရောက်အားပေးမေးမြန်းကြပါသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

မိခင်ကြီး နာရေးအတွက် အားပေးစကားပြောကြားပေးပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အရာထမ်းအမှုထမ်းများအားလည်းကောင်း၊ အဖွဲ့အစည်းအသီးသီးနှင့် ကုမ္ပဏီများအားလည်းကောင်း၊ မိခင်ကြီး၏ နောက်ဆုံးခရီးအထိတိုင်အောင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် စီစဉ်ပေးပါသော CB Bank ဥက္ကဋ္ဌကြီးနှင့် Board of Directors ၊ စီမံခန့်ခွဲမှုကော်မတီဝင်များအားလည်းကောင်း၊ ဘဏ်အသီးသီးမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ CB Bank မှ အရာထမ်း/အမှုထမ်းများအားလည်းကောင်း၊ ဒေါက်တာသာထွန်းဦး၊ ဒေါက်တာမျိုးလွင်တို့အားလည်းကောင်း၊ တောင်ငူမြို့မှ ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများအား လည်းကောင်း ၊ KMA Kaytumadi Hotel (Taungoo)မှ ကူညီဆောင်ရွက်ပေးသူများ အားလုံးကို ကျေးဇူး အထူးတင်ရှိပါသည်။

သတင်းစာတွင် ဝမ်းနည်းကြောင်း ထည့်ပေးပြီး ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်း၍ အားပေးစကားပြောကြားပေးပါသော ပြည်တွင်းဘဏ်များ၊ နိုင်ငံခြားဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်း အသီးသီးတို့အားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းပေးကြပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းဘဏ်များ နှင့် နိုင်ငံခြားဘဏ်များ၊ ကုမ္ပဏီများနှင့်အဖွဲ့အစည်းအသီးသီးတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လာရောက်ပို့ဆောင်ပေးကြပါသော သူငယ်ချင်းမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်မိရပ်ဖများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**အထူး ကျေးဇူးတင်ရှိမှုများစွာဖြင့်**

**ကျန်ရစ်သူမိသားစု**

**အမည်မှန်**

တောင်ဒဂုံမြို့နယ်၊ အမှတ်(၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ အမှတ်(၁၄၃၅-က)နေ ဦးကျော်နိုင်မင်း [၇/ကဝန(နိုင်)၀၃၂၅၀၀]၏ သား မောင်ဇေမင်း၏ အမည်မှန်မှာ မောင်ဇေယျစိုး ဖြစ်ပါကြောင်း။

**အများသိစေရန်ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၊ မြေကွက်အမှတ် ၄ရ၀/ခ၊ မြေကွက်တည်နေရာအမှတ် ၄ရ၀(ခ)၊ ၁၃ လမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်အုန်း (၁၂/ဥကမ(နိုင်)၁၄၁၀၀၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အုန်းမှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ် - ၃/၂၃ရ၃/၂၀၂၂ (၂၂-၃-၂၀၂၂)ရဲစခန်း/ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဝန်ဆောင်ခတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့်ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလဂရန်(၁၀-၁၂-၁၉၉၃)ရက်နေ့တွင် မြေငှားစာချုပ်အမှတ်- တ၃/၁၁-၀ရ၁၁/၉၃ မူရင်းစာအုပ်အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သွေးသည် အသက်**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးဟိုက်ချိန်(ခ) ဦးမြင့်ကြည်**

**(ကျုံမငေး)**

**အသက်(၆၈)နှစ်**

ကျုံမငေးမြို့၊ ချွန်းပိုင်းနေ (ဦးစိန်နှစ်-ဒေါ်ကျင်မွေး) တို့၏သား၊ (ဦးခင်ညွန့်-ဒေါ်ငွေရှိန်)တို့၏သားသမက်၊ ဦးမြင့်ဝေ-ဒေါ်ခင်လေးကြူ၊ (ဦးအုန်းမြင့်)- ဒေါ်ခင်လှဝေ တို့၏ ညီ/မောင်၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းဝေ၊ ဦးမြင့်ခိုင်-ဒေါ်သန္တာမျိုးတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်ရီ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မင်းသူဟိန်း၊ မအိသဲစည်ဦး (ခ) ယွန်းယွန်းတို့၏ ချစ်လှစွာသောဖခင်၊ မဟန်သော်တာလဝန်း၏ အဘိုး ဦးမြင့်ကြည်(ခ)ဦးဟိုက်ချိန်သည် ၅-၁-၂၀၂၃ (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၁-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော်မြို့နယ်၊ ၁၅-လမ်း၊ အမှတ်-၈၈ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

**ဦးစောဝင်းရွှေ(စစ်တွေ)**

**မန်နေဂျာ (ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ကျောက်မြောင်းလမ်း၊ လေးလွှာဘီ၊ တာမွေမြို့နယ်နေ (ဦးရွှေထွန်းကျော်- ဒေါ်စောမြမေ)တို့၏ သားကြီး၊ (ဦးကျော်ခိုင်-ဒေါ်အေးခင်စော)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကျော်စိုး-ဒေါ်စောနန္ဒာအောင်၊ မောင်ထူးမောင်သစ်၊ မဝင်းရတနာစိုးတို့၏ ချစ်လှစွာသော ဖခင်၊ မောင်အောင်ခန့်ဇော်၏ အဘိုးသည် ၅-၁-၂၀၂၃ရက် ညနေ ၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၁-၂၀၂၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားသိစေရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ ငစိန်လမ်း၊ မြေတိုင်းအကွက်အမှတ်(၈၅) ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ပါမစ်အမည်ပေါက် ဒေါ်အေးအေးသိန်း(TGO-121931)အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်လတ်လတ်စိုး[၉/ပမန(နိုင်)၀၀၃၂၃၅]မှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ၎င်းပါမစ်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (ပါမစ်မိတ္တူခြမ်း) အကျယ်အဝန်း(အလျား ၂၀ပေxအနံ၆၀ပေ)အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထင်အောင်**
**[၁၄/ဘကလ(နိုင်)၁၇၂၈၁၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ဆုထွန်း-အထက်တန်းရှေ့နေ(စဥ်-၄၉၀၄၆)**
**အမှတ်(၇၄၉)၊ သန္တာလမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၂၉၀၁၅**

**ဦးမျိုးထွန်းမြင့် AGTI (Civil)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားတန်း၊ အမှတ်(၆၆/၁-ခ)နေ (ဦးလေးမြင့်)-ဒေါ်လှတို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း၏မောင်၊ ဒေါ်ခိုင်ခိုင်မြင့်၊ ဦးဇော်ညီလေးမြင့်တို့၏ အစ်ကို၊ ဒေါ်ခင်ဖြူဖြူလှိုင်၏ ခင်ပွန်း၊ မောင်အာကာမင်းခန့်၏ဖခင်၊ မောင်မျိုးမြင့်အောင်၊ မမြတ်သန္တာအောင်တို့၏ ဘကြီးသည် ၅-၁-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားတန်း (၆၆/၁-ခ) နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ တိုက်အမှတ်(၁၄၇)၊ (၁)ခန်းတည်း RC(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာအခန်း၊ ဧရိယာ(၁၀၅၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မေဇင်ဌေး [၁၂/ဒပန(နိုင်)၀၄၇၀၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်မာလာနိုင် [၁၂/ဒလန(နိုင်)၀၃၇၈၀၈]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်မာလာနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**(LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဘုရင့်နောင်(၂)လမ်း၊ တိုက်အမှတ်(၁၃)၊ (၂)ခန်းတွဲ RC(၅)ထပ်အဆောက်အဦ၏ တတိယထပ်(၄)လွှာ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်းအခန်း)၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးမြင့်ကြည် [၁၂/ဒပန(နိုင်)၀၅၀၅၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်လွင်မာမျိုး [၁၂/ကမန(နိုင်) ၁၀၆၇၈၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လွင်မာမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**(LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ် (၁၄၃၃)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးခင်မောင်(ISN-၄၃၅၇၂၄)အမည်ပေါက်သောမြေကွက်ဖြစ်ပြီး ယင်းမြေနှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၄၃၃)၊ (၁၅၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှရောင်းချခဲ့သောကြောင်းအရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်စန္ဒာလွင်[၁၂/သဃက(နိုင်)၀၉၀၀၅၈]မှမိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုရီ[၁၂/သဃက(နိုင်)၀၆၆၃၆၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ၊စဉ် (၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

❖ **လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

❖ **တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်ပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ချယ်လ်ဆီးကို အနိုင်ရပြီး အာဆင်နယ်နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းခဲ့တဲ့ မန်စီးတီး

မန်စီးတီးအသင်းဟာ ဇန်နဝါရီ ၅ ရက်ညပိုင်းက ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားကို ထိပ်ဆုံးကနေ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းသွားခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ နှစ်သင်းစလုံးက နိုင်လိုစိတ်ပြင်းထန်မှုနဲ့အတူ အကောင်းဆုံးပုံစံနဲ့ ကစားခဲ့ကြတာကြောင့် ပထမပိုင်းအတွင်း

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❋



## AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ် သရေကျ

ရန်ကုန် ဇန်နဝါရီ ၆

2022 AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ပထမနေ့) အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဇန်နဝါရီ ၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကွာနိုကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

အဝေးကွင်းတွင် သရေကစားနိုင်ခဲ့သည့် ဗီယက်နမ်အသင်းသည် ဗိုလ်လုပွဲတက်ရောက်ရန် အခွင့်အရေးပိုများခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်းပွဲတွင် အနိုင်ကစားနိုင်ရုံဖြင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○



အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

---

### ယနေ့ ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၆၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ**
စာမျက်နှာ » ၁၂

**လေ့လာစရာ အင်္ဂလိပ်စာ**
စာမျက်နှာ » ၁၈၊ ၁၉

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွား**
စာမျက်နှာ » ၁၅